ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်၊ ကြာသပတေးနေ့၊ (29-9-2005)(၄၇၃၃)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တေရသမအကြိမ်(၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး

ပြိုင်ပွဲဝင်ဦးရေ ယခင်နှစ်ကထက် ပိုမိုများပြားလာ၊ တည်းခိုနေထိုင်ရေး စနစ်တကျစီမံ

အကဲဖြတ်ဒိုင်များ ဆုရွေးချယ်ရာတွင် အမှန်တကယ်ထိုက်တန်သူကိုသာ မှန်မှန်ကန်ကန်ရွေးချယ်

ရန်ကုန် စက်တင်ဘာ ၂၈

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်။
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်။
၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်။
၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်။
၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။
၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာရှင်သန်လာစေရန်။

အမှာစကားပြောကြား

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၉-၉-၂၀၀၅
(ကြာသပတေးနေ့)

အမျိုးသားရေးအမြင်ဖြင့် ကျန်းမာရေးအဆင့်မြှင့်တင် တီဘီရောဂါတိုက်ဖျက်ရေး ပြည်သူများပူးပေါင်းပါဝင်

နိုင်ငံတော် အစိုးရသည် ပြည်သူများအားလုံး၏ ကျန်းမာကြံ့ခိုင်သန်စွမ်းရေးကို ကျန်းမာရေးဆိုင်ရာ အမျိုးသားရေး မျှော်မှန်းချက်တစ်ရပ်အဖြစ် ဦးတည်ချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။ ကျန်းမာရေးအဆင့် မြှင့်တင်မှုလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် စနစ်တကျစီမံဖြည့်ဆည်းဖော်ဆောင်ပေးလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူများ၏ ကျန်းမာရေးအတွက် ကျန်းမာရေးအဆင့်အတန်းမြင့်မားရေး၊ ရောဂါကြိုတင်ကာကွယ်ရေး၊ ရောဂါရှာဖွေကုသရေးနှင့် ကျန်းမာမှုပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိတ်အဆက်မိမိ စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ရောဂါမဖြစ်ပွားမီ ကြိုတင်ကာကွယ်ခြင်းသည် အရေးပါသောလုပ်ငန်းတစ်ရပ်ဖြစ်သည်။ ရောဂါများဖြစ်ပွားလျှင်လည်း စနစ်တကျကုသမှုခံယူကြရန်နှင့် ဆေးဝါးများပုံမှန်သောက်သုံးကြရန် လိုအပ်သည်။ ထို့ကြောင့် ပြည်သူများအတွင်း ကျန်းမာရေးဆိုင်ရာ ဗဟုသုတများ ကျယ်ကျယ်ပြန့်ပြန့် ပညာပေးဖြန့်ဝေရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းတွင် ဆေးသောက်ပျက်ကွက်သူများ လျော့နည်းရေးအတွက် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များက DOTS နည်းဗျူဟာဖြင့် ပါဝင်ဆောင်ရွက်ခြင်း လှုပ်ရှားမှုအခမ်းအနားကို စက်တင်ဘာလ ၁၉ ရက် နေ့က လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်အနောက်ပိုင်း ခရိုင်အတွင်း တီဘီရောဂါတိုက်ဖျက်ရေး လှုပ်ရှားမှုအကောင်းဆုံးဆုရ မြို့နယ်များနှင့် တီဘီရောဂါတိုက်ဖျက်ရေး အထွေထွေဗဟုသုတ ဉာဏ်စမ်းပြိုင်ပွဲဆုရသူများအား တာဝန်ရှိသူအသီးသီးက ဆုများချီးမြှင့်ပြီး တီဘီရောဂါအကြောင်း သိကောင်းစရာများ၊ ရန်ကုန်တိုင်းအတွင်း တီဘီရောဂါဖြစ်ပွားမှုနှုန်းနှင့် ရောဂါတိုက်ဖျက်ရေး လုပ်ငန်းအကြောင်းများကို ဆွေးနွေးဟောပြောခဲ့ကြသည်။

တီဘီရောဂါသည် တီဘီရောဂါပိုးကြောင့် ဖြစ်ပွားသော ရောဂါဖြစ်သည်။ လူ၏အဆုတ်တွင်ရောဂါ ဖြစ်ပွားမှုများသောကြောင့် အဆုတ်ရောဂါဟူ၍ သိရှိသူများသည်။ တီဘီရောဂါဖြစ်ပွားသည့် ကိုယ်ခန္ဓာအစိတ်အပိုင်းကိုလိုက်၍ အရိုး တီဘီ၊ အဆစ်တီဘီ၊ အစာအိမ်လမ်းကြောင်းတီဘီ၊ လည်ပင်းအကျိတ်ရောင်တီဘီ၊ ဦးနှောက်အမြှေးရောင်တီဘီစသည်ဖြင့် တွေ့ရှိရတတ်သည်။

အဆိုပါ ရောဂါသည် မျိုးရိုးလိုက်သော ရောဂါမဟုတ်ဘဲ မိသားစုအတွင်း၊ အလုပ်လုပ်ကိုင်နေကြသည့် အလုပ်ခန်းများအတွင်း တီဘီရောဂါပိုးရှိနေသူတစ်ဦးထံမှ အခြားတစ်ဦးသို့ အဆင့်ဆင့်လွယ်ကူစွာ ကူးစက်တတ်သော ရောဂါသာဖြစ်သည်။

ထို့ကြောင့် မိသားစုတစ်စု၊ လုပ်ငန်းခွင်တစ်ခုအတွင်း တီဘီရောဂါဝေဒနာရှင်တစ်ဦးရှိနေပါက မိသားစုဝင်များနှင့် လုပ်ဖော်ကိုင်ဖက်များအား ရောဂါကူးစက်နိုင်သဖြင့် ရောဂါမပြန့်ပွားရေး သတိပြုကာကွယ်တားဆီးသွားကြရမည် ဖြစ်သည်။ လူတိုင်း၊ လူတိုင်း တီဘီရောဂါမဖြစ်ပွား၊ မကူးစက်စေရေး ကျန်းမာရေးအသိပညာပေးမှုများ ပိုမိုဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအခါ ကျန်းမာရေးဝန်ကြီးဌာနက တီဘီရောဂါတိုက်ဖျက်ရေးတွင် တိုက်ရိုက်ကြည့်ရှုအချိန်တိုကုထုံးနည်းဖြင့် စနစ်တကျကုသပေးလျက်ရှိရာ တီဘီရောဂါဖြစ်နေသည်ဟု သံသယရှိပါက ကျန်းမာရေးဌာနသို့ အချိန်မီသွားရောက် ပြသစစ်ဆေးမှုခံယူခြင်း၊ ရောဂါဖြစ်ပွားနေပါက ဆေးကုသမှုခံယူခြင်းတို့ဖြင့် ရောဂါပျောက်ကင်းစေရန် ဆေးဝါးများပုံမှန်သောက်သုံးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က ပြည်သူတစ်ရပ်လုံး၏ ကျန်းမာကြံ့ခိုင်ရေးအတွက် အမျိုးသားရေးအမြင်ဖြင့် ကျန်းမာရေးအဆင့်မြှင့်တင်ဖော်ဆောင် ပေးလျက်ရှိရာ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ပြည်သူတစ်ရပ်လုံးက တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီးဗိုလ်ချုပ်စိန်ထွားအား ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွားအား မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. M. Khairuzzaman သည် ယမန်နေ့နံနက် ၁၀ နာရီတွင် သိမ်ဖြူလမ်း ဝန်ကြီးများရုံးရှိ ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ (အပေါ်ပုံ)

ထိုသို့တွေ့ဆုံရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်အောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အထူးအရာရှိနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

သမထဝိပဿနာ တရားပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၈

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာ တရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ(ဒလ-အုံကြီး)က အောက်တိုဘာ ၁ ရက်မှ ၇ ရက် ညနေ ၆ နာရီမှ ၇ နာရီခွဲအထိ ဗိုလ်တထောင်ဘုရား ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံတွင် လည်းကောင်း၊ သီတင်းကျွတ် ခုနစ်ရက်တရားစခန်းကို ဒလ-အုံကြီးမြို့နယ်ရှိ ဓမ္မရသရိပ်သာတွင် အောက်တိုဘာ ၁၆ ရက် ညနေမှ ၂၄ရက် နံနက်အထိ လည်းကောင်း ဟောပြောပို့ချမည်ဖြစ်ရာ လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ (က-ပ)

သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် အကောက်ခွန်ဦးစီးဌာနတို့ ပူးပေါင်း၍ WTO Valuation Agreement Workshop for Private Sector Batch No(6) သင်တန်းကို အောက်တိုဘာလအတွင်း ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ အဖွဲ့အစည်း၊ အသင်း၊ ကုမ္ပဏီများမှ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသည့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်နိုင်ပြီး သင်တန်းလျှောက်လွှာပုံစံကို မြန်မာနိုင်ငံ အကောက်ခွန်ရှင်းလင်းရေး ကိုယ်စားလှယ်များအသင်း အမှတ် ၁၀၅ ပထမထပ် ၃၈လမ်း ကျောက်တံတားမြို့နယ် ဖုန်း-၃၉၁၃၅၂တွင် ထုတ်ယူ၍ အောက်တိုဘာ ၃ရက် နောက်ဆုံးထား ပြန်လည်ပေးပို့ရမည်ဖြစ်သည်။ (သတင်းစဉ်)

တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပြိုင်ပွဲများဆက်

ရန်ကုန် စက်တင်ဘာ ၂၈

၂၀၀၅ခုနှစ် (၂၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ၏ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ သတ်မှတ်ထားသော ဘောလုံးကွင်းများ၌ ဆက်လက်ကျင်းပသည်။

(ကက)အုပ်စု ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းအားကစားကွင်း (မင်္ဂလာဒုံ)၌ ကျင်းပသောပြိုင်ပွဲတွင် အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်အသင်းက အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ကျင်းပသောပြိုင်ပွဲတွင် တပ်မတော်(ရေ) အသင်းက တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိသွားကြသည်။

(သတင်းစဉ်)

ပါရမီလမ်း ထပ်ပိုးလွှာခင်းကျင်း

ရန်ကုန် စက်တင်ဘာ ၂၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းသည် ယနေ့မွန်းလွဲပိုင်းက ကမ္ဘာအေးစေတီလမ်းနှင့် တောင်ဥက္ကလာပ သံသုမာလမ်းအကြားရှိ ပေ ၈၉၀၀ ရှည်ရှိ ပါရမီလမ်းအား အကျယ် ၄၄ပေ နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာခင်းကျင်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)ဌာနမှူး ဦးဗိုလ်ဌေး၊ ဒုတိယဌာနမှူး ဦးစိုးမြင့်တို့က နိုင်လွန်ကတ္တရာထပ်ပိုးလွှာခင်းကျင်းနေမှုကို လိုက်လံရှင်းလင်းပြသသည်။ **(အောက်ပုံ)**

ပါရမီလမ်းသည် ဒဂုံမြောက်တံတားနှင့် ဘုရင့်နောင်လမ်းကြား အရှည်ပေ ၃၃၅၀၀ရှိရာ ၂၀၀၆ခုနှစ်တွင် အပြီးခင်းကျင်းမည်ဖြစ်သည်။ (၁၉)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၉-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁၂။	မြဝတီအဖွင့်
၄:၀၅	၁၃။	အဖွင့်သီချင်း
၄:၁၀	၁၄။	မျိုးချစ်တပ်မတော်
၄:၂၀	၁၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅	၁၆။	မြန်မာသံစဉ်ချိုနှားဝင်
၄:၃၅	၁၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၁၈။	ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၄:၅၅	၁၉။	မျိုးချစ်တပ်မတော်
၅:၀၀	၂၀။	**အဝေးသင်တက္ကသိုလ်ပညာရေးပို့ချမှု အစီအစဉ် –Economic Resource Development in Myanmar (ပထမနှစ်စီးပွားရေးပညာ–ပြည်သူ့ရေးရာအထူးပြု)**
၅:၃၀	၂၁။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၂၂။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၂၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၂၄။	နိုင်ငံတကာသတင်း
၆:၂၀	၂၅။	မိုးလေဝသသတင်း
၆:၂၅	၂၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၅	၂၇။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၂၈။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကြော်ငြာချစ်သူ" (အပိုင်း-၂၂)**
၈:၀၀	၂၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၃၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၃၁။	မြဝတီရဲ့မြဝတီ
	၃၂။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၃၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နှင်းနဂါးသိုင်း" (အပိုင်း-၂၈)**
	၃၄။	သင့်အတွက်မနက်ဖြန်
	၃၅။	အပိတ်နှုတ်ဆက်စကား
	၃၆။	ပြီးပါပြီ။

အာဆီယံဝန်ကြီးများ အစည်းအဝေးတက်ရောက်ရန် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဖိလစ်ပိုင်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ တာဂတေးမြို့၌ စက်တင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်များတွင် ကျင်းပမည့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၇)ကြိမ်မြောက် အစည်းအဝေးနှင့်အာဆီယံနှင့် အရှေ့အာရှဆွေးနွေးဖက် သုံးနိုင်ငံတို့၏ ပဉ္စမအကြိမ်မြောက်အစည်းအဝေးသို့တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဌေးလိုက်ပါသွားသည်။

လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၇)ကြိမ်မြောက် အစည်းအဝေး မတိုင်မီ ယခုလ ၂၆ရက်မှ ၂၈ရက်အထိ ကြိုတင်ကျင်းပသည့် အဆင့်မြင့်အရာရှိများ အစည်းအဝေးသို့ တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်ကြသော စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦး၊ သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဘသိန်းနှင့် စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန အာဆီယံယူနစ်တာဝန်ခံ ဦးတင်မောင်ရွှေတို့သည် စက်တင်ဘာ ၂၅ရက် နံနက်ပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံသို့ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

မဇ္ဈိမဒေသ ကထိန်သင်္ကန်းလှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၂၈

အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့၏နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာဘုန်းတော်ကြီးကျောင်း ၁၁ ကျောင်းနှင့် တက္ကသိုလ်ရှစ်ခုတို့၌ သီတင်းသုံးတော်မူကြသော မြန်မာရဟန်းတော် ၂၁၈ပါးတို့အတွက် မဇ္ဈိမဒေသ (၂၇)ကြိမ်မြောက် ကထိန်သင်္ကန်းလှူမှုများကို ဖုန်း ၀၁-၅၄၂၂၃၆၊ ၀၁-၅၄၅၂၁၅၊ ၀၁-၅၄၅၂၁၆၊ ၀၁-၅၅၅၁၇၃၊ ၀၁-၇၂၇၇၄၆၊ ၀၁-၅၃၆၃၄၈တို့သို့ အောက်တိုဘာ ၂၀ရက် နောက်ဆုံးထား၍ လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

တိုင်းကျိုးပြည်မှု-ငါတို့ပြုမည်

☆ ဒို့များရဲ့ နိုင်ငံ
အားထုတ်ရန် အခါသင့်
လမ်းပွင့်နေပြန်
ကြိုးစားဖို့ ဒို့တာဝန်
ပျင်းလွန်စိတ်ရှောင်လွှဲ
မတော်တာ လော်မာတဲ့အလုပ်ကြောင့်
နေ့ပုပ်ကာ အချိန်ကုန်တော့
မသမာ လူညာတစ်အုပ်က
ရတနာ မြန်မာအထုပ်ကို
လာသုတ်မှာမလွဲ။

☆ အိမ်တိုင်းမှာ ဒို့ရှိမည်
ကောင်းကျိုးရည်မျှော်ကာတွေး
ဆွေးနွေးကြသည်၊
ကျန်းမာခွင့်ပညာအဆီ
မြင့်မည်လို့ အားအံ့ခဲ၊
တကယ်ကြိုးစားလျှင်ဖြင့်
ဒို့မျိုးဘာသာ ဂုဏ်ရောင်တင့်
တိုးမြင့်မည်မလွဲ။

☆ နိုင်ငံ၏ ထုံးစဉ်လာ
ကျား-မ မဟူ တူမခွဲ
ခွင့်ရေးလဲညီညာ
လမ်းစုံပွင့် ခုခါမှာ
ဆွေသဟာလက်တွဲ၊
နောင်လဲအတူယှဉ်လို့
အောင်ပွဲအတူ ဆင်ဖို့
ထာဝစဉ် နိုင်ငံအကျိုးကို
သယ်ပိုးဖို့ပဲ။ ။

(ကျန်းမာရေး၊ ပညာရေး ကွင်းဆင်းဆွေးနွေးဆောင်ရွက်နေကြသော အမျိုးသမီးရေးရာအဖွဲ့ဝင်များသို့ ...)

မကြွယ်ကြွယ်

အောက်တိုဘာလ ပထမ ၁၀ရက်ပတ် မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်

ရန်ကုန် စက်တင်ဘာ ၂၈

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ ကျန်ဘင်္ဂလား ပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ခြောက်ရက်မှ ရှစ်ရက်ခန့်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် သုံးရက်မှ ငါးရက်ခန့် နေရာကွက်ကျားမှ နေကျဲကျဲမိုးထစ်ချုန်းရွာနိုင်သည်။

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ဗန်းမော်မြို့နှင့်ကသာမြို့တို့တွင် ၁၂၀ စင်တီမီတာ လေးပေခန့်၊ မန္တလေးမြို့နှင့်စစ်ကိုင်းမြို့တို့တွင် ၉၀ စင်တီမီတာ သုံးပေခန့်နှင့်ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ပြည်မြို့နှင့်ဟင်္သာတမြို့တို့တွင် ၆၀ စင်တီမီတာ နှစ်ပေခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့်ဟုမ္မလင်းမြို့တို့တွင် ၁၂၀ စင်တီမီတာ (လေးပေခန့်)နှင့် မော်လိုက်မြို့၊ကလေးဝမြို့နှင့်မုံရွာမြို့တို့တွင် ၉၀ စင်တီမီတာ (သုံးပေခန့်) လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၈

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဗဟိုအမှုဆောင် ကော်မတီအစည်းအဝေး (၉/၂၀၀၅)ကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန် အဆောက်အအုံ ဒုတိယထပ်ရှိ အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးတင်ခ (တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင် (သန်းမောင်)နှင့် ဦးမြင့်သိန်(မြင့်သိန်းအောင်)၊ အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း-တွံတေး)နှင့် တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က အဖွင့်အမှာစကားပြောကြားပြီးအတွင်းရေးမှူး ဦးလှထွန်း (လှထွန်း-တွံတေး)က ဗဟိုအမှုဆောင်ကော် မတီအစည်းအဝေး(၈/၂၀၀၅)၏ ဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှုကို တင်ပြသည်။

ဆက်လက်၍ ရုံးအဖွဲ့၊ စည်းရုံးရေးလုပ်ငန်းအဖွဲ့၊ ဘဏ္ဍာရေးအဖွဲ့၊ စာအုပ်ထုတ်ဝေရေးနှင့် ဟောပြောဆွေးနွေးလေ့လာရေးလုပ်ငန်းအဖွဲ့၊ ရန်ပုံငွေရှာဖွေရေးလုပ်ငန်းအဖွဲ့၊ သက်သာချောင်ချိရေးလုပ်ငန်းအဖွဲ့၊ နိုင်ငံတကာဆက်သွယ်ရေးလုပ်ငန်းအဖွဲ့၊ စာရင်းစစ်အဖွဲ့နှင့် စာပေရန်ပုံငွေကြီးကြပ်ရေးအဖွဲ့တို့၏ အဖွဲ့ခေါင်းဆောင်များက အဖွဲ့လုပ်ငန်း ဆောင်ရွက်ထားမှုများကို တင်ပြကြပြီး တက်ရောက်လာကြသည့် ဗဟိုအမှုဆောင် ကော်မတီဝင်များက အကြံပြုဆွေးနွေးကြသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုမြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်းနေ နှစ်ဖက်မိဘများအားအမှူးထား၍ ဦးအေးကြူ-ဒေါ်ခင်စန်းဝင်း၊သမီး ဒေါက်တာစုစန္ဒာအေး၊စုနန္ဒာအေးတို့က ငွေ ၁၁၁၁၁၁ကျပ်ကို အဖွဲ့ဝင် ဦးမျိုးခင်ထံပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆုချီးမြှင့်

မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၁၁ ရက်က ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကြည်မြင့်က ခွင့်ရက်ပျက်မရှိသူ ဆရာမ ဒေါ်ခင်မာဦးအား ဆုချီးမြှင့်စဉ်။ (က-ပ)

အမှတ်(၃)အခြေခံပညာဦးစီးဌာန ရန်ကုန်မြို့တော် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ လသာမြို့နယ် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၆ရက်က မြည်သီလာခန်းမ၌ပြုလုပ်ရာ ရန်ကုန်တိုင်းယာဉ်ထိန်းကြိုးမဲ့ ဒု-ရဲမှူးသိန်းဆွေ ပညာပေးဟောပြောစဉ်။ (ကြေးမုံ)

ဗြိတိသျှတပ်ဖွဲ့ဝင်များ အီရတ်မှ ရုပ်သိမ်းရန် ဗြိတိန်ပြည်သူလူထု ထက်ဝက်ကျော်က လိုလားလျက်ရှိ

လန်ဒန် စက်တင်ဘာ ၂၇

အီရတ်နိုင်ငံတွင် လုံခြုံရေးအခြေအနေဆိုးရွားနေလင့်ကစား အီရတ်ရှိတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးအတွက် ဗြိတိသျှအစိုးရက အချိန်ဇယားသတ်မှတ်ပေးရန် ဗြိတိန်ပြည်သူလူထု ထက်ဝက်ကျော်က လိုလားနေကြကြောင်း နောက်ဆုံးထုတ်သည့် စစ်တမ်းတစ်ခုအရ သိရှိရသည်။

ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲ၏ ဦးဆောင်မှုကို ဗြိတိသျှပြည်သူလူထုက ကျေနပ်မှုမရှိသူဦးရေ တိုးမြင့်လာသည်ဟု ဂါဒီယန်သတင်းစာ၏ တနင်္လာနေ့တွင် ဖော်ပြခဲ့သည့်စစ်တမ်းအရ သိရသည်။ တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံတွင် အခြေအနေတိုးတက်မှုမရှိမချင်း ယင်း နိုင်ငံတွင် ဆက်လက်တာဝန်ထမ်းဆောင်သင့်သည်ဟု တိုနီဘလဲ၏ စောဒကတက် ပြောကြားမှုကို ၄၅ ရာခိုင်နှုန်းရှိသော ပြည်သူလူထုကသာ ထောက်ခံကြသည်။

ဗြိတိသျှတပ်ဖွဲ့ဝင်များ အီရတ်တွင် ရှိနေလင့်ကစား အီရတ်၏ လုံခြုံရေး အခြေအနေသည် ဆိုးရွားလျက်ရှိသည်ဟု ၆၄ ရာခိုင်နှုန်းသော ပြည်သူလူထု အများစုက ယုံကြည်လျက်ရှိကြောင်း အိုင်စီအမ်က ကောက်ယူသည့် လူထုသဘောထား စစ်တမ်းတွင် ဖော်ပြထားသည်။

ယင်းစစ်တမ်းကို လူကြီး ၁၀၀၀ ကျော်အား သုတေသနပြုလုပ်ကာ ကောက်ယူခဲ့ခြင်းဖြစ်သည်။ အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေ တိုးတက်မှုရှိစေရန် ဗြိတိသျှတပ်ဖွဲ့ဝင်များက အစစ်အမှန် ကယ်တင်နေခြင်းသာဖြစ်သည်ဟူသော တိုနီဘလဲ၏ ယုံကြည်ချက်ကို ၁၂ ရာခိုင်နှုန်းသော ပြည်သူလူထုကသာ ထောက်ခံကြသည်။

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များအား ထပ်ခါတလဲလဲ တိုက်ခိုက်မှုများနှင့် အီရတ်တွင် ပြည်တွင်းစစ်ဖြစ်နိုင်သည့် အလားအလာ များပြားမှုကြောင့် အီရတ်တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များရှိနေမှုကို ထောက်ခံသူဦးရေသည် ကျဆင်းလျက်ရှိသည်။

တရားမျှတမှုမရှိ

၃၈ ရာခိုင်နှုန်းသော မဲဆန္ဒရှင်ပြည်သူများက အီရတ်အား စစ်မက်တိုက်ခိုက်မှုသည် တရားမျှတသည်ဟု ယခုနှစ်စတွင် အိုင်စီအမ်က ကောက်ယူခဲ့သည့် စစ်တမ်းအရ သိရှိရသည်။ ၄၇ ရာခိုင်နှုန်းက တရားမျှတမှုမရှိဟု စောဒကတက် ပြောကြားသည်။

အီရတ်မှ ဗြိတိသျှတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးအတွက် ကျိုးကြောင်းဆင်ခြင်မှုမရှိဘဲ ရက်သတ်မှတ်ရန် မသင့်ကြောင်း တိုနီဘလဲက တနင်္ဂနွေနေ့တွင် စောဒကတက် ပြောကြားခဲ့သည်။

လန်ဒန်ပုံးဖောက်ခွဲမှု ဖြစ်ပွားပြီးနောက် ဝန်ကြီးချုပ် တိုနီဘလဲအား ထောက်ခံမှုသည် မြန်ဆန်စွာ လျော့ပါးလျက်ရှိသည်ဟု စစ်တမ်းတွင်ဖော်ပြထားသည်။ တိုနီဘလဲသည် နိုင်ငံတကာပြဿနာများတွင် အရေးစိုက်လွန်းအားကြီးသဖြင့် ပြည်သူလူထုက ကျေနပ်မှုမရှိကြဟု ဆိုသည်

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ရာမာဒီမြို့တွင် ဗုံးဖောက်ခွဲတိုက်ခိုက်ခံရသဖြင့် ပျက်စီးသွားသော ကန်စစ်ယာဉ်အနီး၌ အောင်ပွဲခံနေသော အီရတ်များကို စက်တင်ဘာ ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာသတင်းများ

ဗြိတိသျှတပ်ဖွဲ့ဝင်နှစ်ဦးကို ပြန်လည်ဖမ်းဆီးရန် အီရတ်တရားသူကြီးက ဖမ်းဝရမ်းထုတ်ပြန်

ဘာဆာရာ (အီရတ်) စက်တင်ဘာ ၂၇

ဗြိတိသျှတပ်ဖွဲ့ဝင်များက ဘာဆာရာမြို့ကို ဝင်ရောက်စီးနင်းခဲ့ပြီးနောက် လွတ်မြောက်လာခဲ့သည့် ဗြိတိသျှတပ်ဖွဲ့ဝင်နှစ်ဦးအား အီရတ်တရားသူကြီးတစ်ဦးက ပြန်လည်ဖမ်းဆီးရန် ဝရမ်းထုတ်ပြန်ထားကြောင်းဖြင့် အီရတ်ရှေ့နေတစ်ဦးက စနေနေ့တွင် ပြောကြားသည်။ ထိုစဉ်အတွင်း အီရတ်တောင်ပိုင်းရှိ ဘာဆာရာမြို့တွင် ထောင်ချီရှိသည့် အီရတ်များက ဖွဲ့စည်းပုံဥပဒေသစ်ကို ထောက်ခံသည့်အနေဖြင့် လူထုစည်းဝေးပွဲကျင်းပကြသည်။

ဖော်ပြပါတပ်ဖွဲ့ဝင် နှစ်ဦးသည် အီရတ် ရဲတပ်ဖွဲ့ဝင်တစ်ဦးအား သတ်ဖြတ်ပြီး၊အခြားတစ်ဦးကိုထိခိုက်ဒဏ်ရာရစေခဲ့ကြောင်း၊ ၎င်းတို့သည် လိုင်စင်မရှိဘဲ လက်နက်များကိုင်ဆောင်ထားကာ စိစစ်ရေးကတ်ပြားတုများ ကိုင်ဆောင်ထားကြောင်းဖြင့်ဖော်ပြကာ တရားသူကြီးရစ်ဟစ်ဟက်ဆန်က ကြာသပတေးနေ့တွင် ဖမ်းဝရမ်းထုတ်ပြန်ခဲ့ဖြစ်သည်ဟု ဘာဆာရာရှိ ရှေ့နေကြီး ကာဆင်အယ်လ်ဆက်ဘ်တီက ရိုက်တာသတင်းဌာနအား ပြောကြားသည်။

ဝရမ်းထုတ်ပြန်မှုသည် ဥပဒေနှင့် ညီညွတ်မှုမရှိဟု ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အီရတ်ရှိ ဗြိတိသျှတပ်ဖွဲ့ဝင်များအား ဗြိတိန်နိုင်ငံ၏ တရားစီရင်ထုံးအရ စစ်ဆေးရမည်ဟု လန်ဒန်ရှိ ကာကွယ်ရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ယင်းတပ်ဖွဲ့ဝင်နှစ်ဦး မည်သည့်နေရာတွင်ရှိနေသည်ကို သဲသဲကွဲကွဲ မသိရသေးပေ။

ဝင်ရောက်စီးနင်း

ဗြိတိသျှတပ်ဖွဲ့ဝင်များက ၎င်းတပ်ဖွဲ့ဝင်နှစ်ဦး လွတ်မြောက်စေရန်အတွက် ဘာဆာရာ အကျဉ်းထောင်တွင်း ဝင်ရောက်စီးနင်းခဲ့သည်။

သို့ရာတွင် ဒေါသတကြီးဖြစ်နေသည့် အီရတ်လူအုပ်ကြီးက ဗြိတိသျှ သံချပ်ကာယာဉ်ကို ပုလင်းဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ကနဦးပိုင်းတွင် ထုတ်ပြန်ခဲ့သည်။

နောက်ပိုင်းတွင် ဗြိတိသျှတပ်ဖွဲ့ဝင်များပြန်ရောက်လာကြပြီး သံချပ်ကာယာဉ်များက အကျဉ်းထောင်နံရံများကို ဖျက်ဆီးဝင်ရောက်ခဲ့ကြသည်။

ဖမ်းဆီး

ဗြိတိသျှ တပ်ဖွဲ့ဝင်နှစ်ဦးကို အနီးအပါးရှိ ပုဂ္ဂလိက အိမ်တစ်အိမ်မှ လွတ်မြောက်စေခဲ့ သည်။ ယင်းအိမ်တွင် ဒေသခံပြည်သူ့ လက်နက်ကိုင်တပ်က ဖမ်းဆီးထားဖွယ်ရှိသည်။

သတ်ဖြတ်

ယင်းသို့စီးနင်းစဉ်အတွင်း ဗြိတိသျှတပ်ဖွဲ့ဝင်များက အီရတ်ရဲတပ်ဖွဲ့ဝင်နှစ်ဦးအား သတ်ဖြတ်ခဲ့သည်ဟု ဘာဆာရာ အာဏာပိုင်များက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပါကစ္စတန်- အာဖဂန် နယ်စပ်အနီး လက်နက်အမြောက်အမြားရမိ

အစ္စလမ္မာဘတ် စက်တင်ဘာ ၂၇

ပါကစ္စတန်-အာဖဂန်နစ္စတန် နှစ်နိုင်ငံ နယ်စပ်အနီးတွင် စစ်ဆင်ရေးတစ်ခုပြုလုပ်ခဲ့ရာ ဒုံးကျည်နှင့် တင့်ကားဖျက်မိုင်းများ အပါအဝင် လက်နက်အမြောက်အမြားကို ဖမ်းဆီးရမိကြောင်း သတင်းများက ဖော်ပြသည်။

နှစ်နိုင်ငံနယ်စပ်အနီးတွင် ဒေသခံပြည်သူများက အရဏ်ဦး ထိုးစစ်ဆင်ရာမှ လက်နက်ကြီးများ ပါဝင်သော စစ်ပစ္စည်း အများအပြားကို ရမိခဲ့ခြင်းဖြစ်ကြောင်း ပုဂ္ဂလိက ရုပ်မြင်သံကြားသတင်းဌာန ဂျီအိုက ထုတ်လွှင့်ခဲ့သည်။

လက်နက်များကို တာချ်မိုဟာမက်ခန်းဆိုသူ ပိုင်ဆိုင်သော အိမ်တွင်းမှ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်၍ ၎င်းကို စစ်ဆေးမေးမြန်းရန် ထိန်းသိမ်းထားကြောင်း သိရသည်။

ဖမ်းဆီးရမိသော လက်နက်များတွင် မြေပြင်မှ ဝေဟင်ပစ် ဒုံးအစင်း ၄၅၀၊ မော်တာအလက်၃၅၀၊ လေယာဉ်ပစ်လက်နက်လေးလက်၊ မိုင်း ရှစ်သေတ္တာနှင့် တင့်ကားဖျက် မိုင်း သုံးလုံးတို့အပြင် အခြား ခဲယမ်းမီးကျောက်အမြောက်အမြားလည်း ပါဝင်ကြောင်းသိရသည်။

(အမ်အင်အေ၊ဆင်ဟွာ)

တောင်အာဖရိကပြည်နယ်လေးခု၌ တောမီးလောင်

ဂျိုဟန်နစ္စဘတ် စက်တင်ဘာ ၂၇

တောင်အာဖရိကနိုင်ငံ ပြည်နယ်လေးခုတွင် တောမီးလောင်ကျွမ်းခဲ့ကြောင်း အစိုးရနှင့်ပုဂ္ဂလိက မီးသတ်အဖွဲ့များက တနင်္ဂနွေညတွင် ပြောကြားခဲ့သည်။

ဂျိုဟန်နစ္စဘတ်မြို့၏ အရှေ့တောင်ဘက် ကီလိုမီတာ ၆၀၀ ခန့်တွင်ရှိသော ကွာဇူလူးနာတယ်ပြည်နယ် ရစ်ချပ်ဒ်ဘေဒေသနှင့် စိန့်လူစီယာဒေသတို့တွင် တောမီးလောင်ကျွမ်းရာ မီးသတ်ကား ၁၅ စီးဖြင့် ငြိမ်းသတ်ခဲ့ရသည်။

အဆိုပါဒေသတွင် တနင်္ဂနွေနေ့က မိုးကြိုးပစ်ရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားရာ မီးသတ်ကားအစီး ၂၀ ဖြင့် မီးသတ်သမားများ မီးငြိမ်းသတ်ခဲ့ကြသည်ဟု တောင်အာဖရိကသတင်းဌာနက ထုတ်လွှင့်ပြောကြားခဲ့သည်။

အဆိုပါ တောမီးလောင်ကျွမ်းမှုကို ၂၈ နာရီကြာ ငြိမ်းသတ်ခဲ့ရကြောင်း မီးသတ်ဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဖောလ်ချယ်တွန်က ပြောကြားခဲ့သည်။

လျော့နည်း

အဆိုပါ မီးလောင်ကျွမ်းခဲ့သော ဒေသများဖြစ်သော နီလ်စပရေ့ဒေသသို့ မီးသတ်ကား ၁၀ စီး၊ အမ်ပူ မာလန်ဂါပြည်နယ် အခြားဒေသများသို့ မီးသတ်ကားသုံးစီး၊ လမ်ပိုပိုပြည်နယ် တီဇာနန်ဒေသသို့ မီးသတ်ကားနှစ်စီး အသီးသီးစေလွှတ်၍ မီးငြိမ်းသတ်ခဲ့သည်။ မီးသတ်ကားတစ်စီးသည် ဆက်လက်မီးငြိမ်းနေရကြောင်း၊ ရာသီဥတုမှာလည်း အေးမြမှုစတင်နေပြီး လေတိုက်ခတ်မှုများလည်း လျော့နည်းသွားပြီဖြစ်ကြောင်း ချာလ်တွန်က ပြောကြားသည်။

တောမီးလောင်မှုကြောင့် အပျက်အစီးများကို ချက်ချင်းမသိရှိရသေးကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်နိုင်ငံ အရှေ့တောင် ကမ်းခြေဒေသတွင် တိုက်ခတ်သွားသော ရီတာမုန်တိုင်းကြောင့် ရေမြုပ်သည့် ရေနံနှင့် ဓာတ်ငွေ့လုပ်ငန်း အဆောက်အအုံများကို စက်တင်ဘာ ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ စစ်မြေပြင်တစ်ခုသဖွယ် တည်ရှိနေဆဲ လုံခြုံမှုမရှိသဖြင့် ဆေးဘက်ဝန်ထမ်းများ ပြည်ပသို့ထွက်ခွာ

ဘဂ္ဂဒက် စက်တင်ဘာ ၂၇

အီရတ်နိုင်ငံအတွက် အဖိုးထိုက်တန်သည့် အရင်းအမြစ်တစ်ခုဖြစ်သည့် ဆရာဝန်များသည် အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုများဆက်လက်ဖြစ်ပေါ်နေမှုကို ကြောက်လန့်နေကြသောကြောင့် အန္တရာယ်ကင်းပြီး လုံခြုံမှုရှိကာ လုပ်ငန်းပိုမိုကောင်းမွန်သော ပြည်ပနိုင်ငံများသို့ သွားရောက်နေကြကြောင်းဖြင့် တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားကြသည်။

အီရတ်နိုင်ငံအတွင်း အမေရိကန်တပ်ဖွဲ့များက ၂၀၀၃ ခုနှစ်က ဝင်ရောက်ကျူးကျော်ပြီးခဲ့သည့် နောက်ပိုင်းမှစ၍ အီရတ်နိုင်ငံမှ ကျွမ်းကျင်ဝန်ထမ်းများ တဖြည်းဖြည်းခြင်း ထွက်ခွာခဲ့ကြခြင်းဖြစ်သည်။ သို့ရာတွင် တိုက်ခိုက်ရေးသမားများ၏ လုပ်ကြံသတ်ဖြတ်မှုများနှင့် ပြန်ပေးဆွဲမှုများ သိသိသာသာမြင့်တက်လာမှုကြောင့် ဆရာဝန်အမြောက်အမြား ပြည်ပသို့ ထွက်ခွာသွားခဲ့ကြခြင်းဖြစ်သည်ဟု တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အီရတ်နိုင်ငံသည် စစ်မြေပြင်တစ်ခုသဖွယ်ရှိနေကြောင်း၊ အကြမ်းဖက်သမားများ၏ လုပ်ရပ်ကြောင့် ဆရာဝန်များအနေဖြင့် လုပ်ငန်းလုပ်ကိုင်ရန်အတွက် အန္တရာယ်ဖြင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း အီရတ် ဆရာဝန်အသင်းဝင် အယ်လ်-အလူဆီက ပြောကြားသည်။ ဆေးဘက်ဆိုင်ရာဝန်ထမ်းများ တိုင်းတစ်ပါးသို့ ယိုစီးနေမှုကြောင့် ရေရှည်အားဖြင့် အီရတ်တွင် လူမှုရေးအရထိခိုက်မှုရှိလာမည်ကို ၎င်းက စိုးရိမ်လျက်ရှိသည်။

ဆရာဝန်များသည် အီရတ်အဖွဲ့အစည်းတွင် ဘက်လိုက်မှုမရှိသည့်ကြားနေသူများဖြစ်ကြောင်း၊ အားလုံးသော အုပ်စုများအနေဖြင့် ၎င်းတို့အား တာဝန်ဝတ္တရားများ ထမ်းဆောင်ရန်ခွင့်ပြုပေးသင့်ကြောင်း၊ သို့ရာတွင် အီရတ်တွင် ယင်းသို့ဖြစ်မလာခဲ့ကြောင်း စသည်ဖြင့် ဆရာဝန်များ အီရတ်မှထွက်ခွာနေရပုံကို ရှင်းပြရင်း အယ်လ်-အလူဆီက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘင်္ဂလားဒေ့ရှ်၏ ပြည်တွင်းနိုင်ငံရေးတွင် အနောက်အုပ်စုဝင်နိုင်ငံများ ဝင်ရောက်စွက်ဖက်

ဒါကာ စက်တင်ဘာ ၂၇

ဘင်္ဂလားဒေ့ရှ် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဒါကာမြို့တော်တွင် နိုင်ငံတကာညီလာခံကျင်းပမည့် အင်္ဂါနေ့အုပ်စု၏ လှုပ်ရှားမှုကို ဘင်္ဂလားဒေ့ရှ်အစိုးရက တနင်္ဂနွေနေ့တွင် ပယ်ချလိုက်ပြီး ယင်းလှုပ်ရှားမှုသည် ဘင်္ဂလားဒေ့ရှ်၏ နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်သည့် သဘော သက်ရောက်ပြီး ဆန့်ကျင်ဘက်ရလဒ်များပေါ်ထွက်လာနိုင်ကြောင်းဖြင့် ပြောကြားလိုက်သည်။

ကနေဒါသံအမတ်ကြီး ဒေးဗစ်စပရူလီနှင့် နော်ဝေသံအမတ်ကြီး နော့ဒ်ဟိန်းတို့က နိုင်ငံခြားရေးဌာန၏ အကြံပေးအရာရှိ ရီအက်ဇ်ရာမန်အား ၎င်း၏ ရုံးခန်းတွင် အင်္ဂါနေ့အုပ်စု၏ ရည်ရွယ်ချက်နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်ဟု နယူးနေးရှင်းသတင်းစာက တနင်္လာနေ့တွင် ဖော်ပြသည်။

လိုလား

အင်္ဂါနေ့အုပ်စုသည် သံအမတ်အုပ်စုနှင့် ၁၄ နိုင်ငံမှ သံအမတ်ကြီးများ၊ နိုင်ငံတကာ အဖွဲ့အစည်း နှစ်ရပ်မှ ကိုယ်စားလှယ်များပါဝင်သည့် အုပ်စုဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်ရွေးကောက်ပွဲကော်မရှင်အား အတတ်ပညာပိုင်းဆိုင်ရာ အကူအညီပေးရန်အတွက် ဘင်္ဂလားဒေ့ရှ်တွင် ယခုနှစ်ကုန် သို့တည်းမဟုတ် လာမည့်နှစ်စတွင် ကျင်းပမည့် ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံတကာညီလာခံ ကျင်းပရန် အဆိုပါအုပ်စုက လိုလားလျက် ရှိနေကြသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရက လွန်ခဲ့သည့် အချိန်ကာလအတွင်း လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲသုံးရပ် ကျင်းပခဲ့သော စံချိန်ကောင်းရှိခဲ့ကြောင်း ပြည်တွင်းရော ပြည်ပကပါ ကောင်းချီးသြဘာ ပေးခဲ့ကြသည်ဟု ရီအက်ဇ်ရာမန်အား ကိုးကား၍ သတင်းစာက ဖော်ပြသည်။

ယင်းလုပ်ရပ်နှင့်ပတ်သက်၍ဘင်္ဂလားဒေ့ရှ် နိုင်ငံက ဂုဏ်ယူဝင့်ကြွားခဲ့သည်ဟု ရီအက်ဇ်ရာမန်က ပြောကြားသည်။

အကူအညီပေး

အဆိုပါ သံတမန်အုပ်စုက ဘင်္ဂလားဒေ့ရှ်၏ နိုင်ငံရေးကိစ္စတွင် ဝင်ရောက်စွက်ဖက်ခြင်းမဟုတ်ကြောင်းလွတ်လပ်ပြီး တရားမျှတကာ လူထုယုံကြည်စိတ်ချလောက်သည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရန် ရွေးကောက်ပွဲကော်မရှင်အား အတတ်ပညာ အကူအညီပေးမည့် ကောင်းမွန်သော ရည်ရွယ်ချက်ပါသည့် အစီအစဉ်သာဖြစ်ကြောင်း ပြောကြားသည်။

ယခုလက်ရှိ ဘင်္ဂလားဒေ့ရှ် အစိုးရက လွတ်လပ်ပြီး တရားမျှတမှု မရှိသည့် ရွေးကောက်ပွဲကို လိုလားနေသည်ဟု အဆင့်မြင့် သံတမန်များ၏ ဝေဖန်မှုသည် မှန်ကန်မှု မရှိကြောင်း ရီအက်ဇ်ရာမန်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့ အရှေ့ပိုင်းတွင် ဗုံးကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ကားတစ်စီးကို စက်တင်ဘာ ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဆီယံနိုင်ငံများ ပူးပေါင်း၍ အွန်လိုင်းသတင်းစာတစ်စောင်တည်ထောင်မည်

ဟန္နိုင် စက်တင်ဘာ ၂၇

အာဆီယံအဖွဲ့ဝင်နိုင်ငံများပူးပေါင်း၍ ယခုလနှောင်းပိုင်းတွင် အီလက်ထရွန်နစ်သတင်းစာအွန်လိုင်း တစ်စောင်ကို တည်ထောင်မည်ဖြစ်သည်ဟု လူငယ်သတင်းစာက တနင်္လာနေ့တွင် ရေးသားဖော်ပြသည်။ ထိုသို့ အွန်လိုင်းသတင်းစာတည်ထောင်ခြင်းဖြင့်အာဆီယံဒေသတွင်းရှိ ပြည်သူများနှင့် အစိုးရအဖွဲ့တို့ ပိုမိုဆက်သွယ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

ထောက်ကူ

အာဆီယံ စီးပွားရေးကောင်စီ(၂-အေဘီစီ)ဒုတိယအကြိမ် ဆွေးနွေးပွဲ၌ အဆိုပါ အွန်လိုင်းသတင်းစာအကြောင်းကို ကောင်စီ၏ဥက္ကဋ္ဌ ငုယဉ်အန်သန်က ထုတ်ဖော်ပြောကြားသည်။အွန်သတင်းစာတည်ထောင်ခြင်းကြောင့် ပြည်သူများ အီးမေးလ်နှင့် သတင်းလုပ်ငန်းများကိုလွတ်လပ်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိုဘိုင်းဖုန်း သုံးစွဲသူများ လျင်မြန်စွာ သတင်းများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် ဖြစ်ပေါ်နေသော နိုင်ငံရေးနှင့် စီးပွားရေး သတင်းအချက်အလက်များကို ပိုမိုတိုးတက်လျင်မြန်စွာ သိရှိနိုင်ရန် ထောက်ကူမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

တည်ထောင်

အဆိုပါသတင်းစာကိုအာရှနယူးနက်အမည်ဖြင့် ထုတ်ဝေမည် ဖြစ်သည်။ အာဆီယံအဖွဲ့ဝင်များ၏ ဆက်သွယ်ရေး အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဖွဲ့နှင့် နိုင်ငံတကာနှင့် ဒေသတွင်းရှိ ပညာရှင်အဖွဲ့များ ပူးပေါင်း၍ သတင်းထုတ်ဝေမှုကို တည်ထောင်မည်ဖြစ်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများ အချင်းချင်းပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် သတင်းဖလှယ်မှုတိုးမြှင့်ရန်တို့အတွက် ဗီယက်နမ်နိုင်ငံက စတင်၍ အဆိုတင်သွင်းခဲ့ခြင်းဖြစ်သည်။

လျာထား

အာဆီယံနိုင်ငံများ၏ဆက်သွယ်ရေးနှင့် သတင်းနည်းပညာဆိုင်ရာ (၅) ကြိမ်မြောက် ဝန်ကြီးအဆင့် အစည်းအဝေးပွဲကို စက်တင်ဘာ ၂၆ ရက်မှ ၃၀ ရက်ထိ ကျင်းပရန် လျာထားခဲ့သည်။ အဆိုပါ အစည်းအဝေးပွဲသို့ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ ဘရူနိုင်း၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့မှ ကိုယ်စားလှယ် ၃၀ ဦး တက်ရောက်ကြမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆူနာမီရေလှိုင်းဘေးဒုက္ခအတွက် လှူဒါန်းငွေ ဒေါ်လာ ၁၁ ဘီလီယံရရှိ

လန်ဒန် စက်တင်ဘာ ၂၇

အိန္ဒိယသမုဒ္ဒရာတွင် ဖြစ်ပေါ်ခဲ့သည့် ဆူနာမီ ရေလှိုင်းဘေးဒုက္ခအတွက် ငွေကြေး ထည့်ဝင်လှူဒါန်းသူများက အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံကျော် ရန်ပုံငွေ စုဆောင်းပေးခဲ့သည့်နောက် ကိုးလအကြာတွင် ကုလသမဂ္ဂက ယင်းလုပ်ရပ်အား မကြုံစဖူးထူးကဲသည့် တုံ့ပြန်မှုဟုပြောကြားခဲ့ကြောင်း၊ သို့ရာတွင် လှူဒါန်းသူအများစုက အခြားအရေးပေါ်ကိစ္စများအား ယခုတိုင် လျစ်လျူရှုနေဆဲဖြစ်သည်ဟု ပြောကြားလိုက်သည်။

ယင်းလုပ်ရပ်သည်လှူဒါန်းမှုရက်ရောမှု အရှိဆုံးဖြစ်ပြီး နိုင်ငံတကာ အရေးပေါ်ကယ်ဆယ်ရေးအတွက် မဆိုင်းမတွ လှူဒါန်းခဲ့ကြခြင်းဖြစ်ကြောင်း ငွေအင်အားပမာဏနှင့် ကူညီမှု အရှိန်အဟုန်အရ ကြည့်ပါက ကြီးကျယ်လှကြောင်း ကုလသမဂ္ဂအရေးပေါ်ကိစ္စ ညှိနှိုင်းရေးမှူး ဂျန်အီဂျလင်းက ရိုက်တာသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားခဲ့သည်။

ဂုဏ်ပြု

အလှူရှင်တို့က ငွေကြေးထည့်ဝင်ရန် ကတိကဝတ် ပြုပေးပြီး ဂုဏ်ပြုခဲ့ကြကြောင်း၊ ယေဘုယျအားဖြင့် ငွေကြေးထည့်ဝင်မှု မရှိသေးကြောင်း နှစ်အတန်ကြာဆောင်ရွက်ရမည့် ရေရှည် တည်ဆောက်ရေး လုပ်ငန်းများအတွက် ကတိကဝတ်ပေးထားခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆူနာမီရေလှိုင်းကြောင့် လူ ၂၃၂၀၀၀ ကျော် သေဆုံး သို့တည်းမဟုတ် ပျောက်ဆုံးခဲ့ပြီး နိုင်ငံ ၁၂ နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်မှုကြောင့် လူများ ထောင်သောင်းချီ၍ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြရသည်။

ဒါဇင်ချီရှိသည့် အစိုးရများ၊ ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်တို့က အမေရိကန်ဒေါ်လာ ၅ ဒသမ ၇ ဘီလီယံ ပေးခဲ့ သို့မဟုတ် ခွင့်ပြုခဲ့ကြရာ၎င်းတို့က ပေးရန်ကတိကဝတ်ပြုခဲ့သည့် ဒေါ်လာ ၇ ဒသမ ၁ဘီလီယံ၏ ၈၀ ရာခိုင်နှုန်းဖြစ်သည်ဟု ရိုက်တာသတင်းအရ သိရသည်။

အမ်အင်အေ၊ရိုက်တာ။

ဗီယက်နမ်၌ တိုင်ဖုန်းကြောင့် လူနှစ်သိန်းကျော် ရွှေ့ပြောင်းပေးရ

ဟန္နိုင်း စက်တင်ဘာ ၂၇

ဗီယက်နမ်နိုင်ငံသို့ ဒမ်ရေးတိုက်ဖုန်းမုန်တိုင်း ကျရောက်ဖွယ်ရှိကြောင်း၊ ထိုမုန်တိုင်းကျရောက်မည့် ကမ်းခြေဒေသရှိ ပြည်သူ ၂၀၀၀၀၀ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း ဆင်ဟွာသတင်းဌာနကတနင်္လာနေ့တွင် သတင်းထုတ်ပြန်သည်။ နမ်ဒင်ပြည်နယ် မြောက်ပိုင်းမှ ပြည်သူ ၁၂၀၀၀ ကျော်၊ ထန်ကိုပြည်နယ်မြောက်ပိုင်းမှ ၇၆၀၀၀ဦး၊ နီဘန်ပြည်နယ်အလယ်ပိုင်းမှ ၉၀၀၀ ဦးတို့ကို ဘေးလွတ်ရာနေရာသို့ပြောင်းရွှေ့ပေးခဲ့ကြောင်း၊ ထိုပြောင်းရွှေ့ခံရသူများတွင် ကလေး၊ အမျိုးသမီးနှင့်အသက်အရွယ်ကြီးသူများ အများဆုံးပါဝင်ကြောင်း၊ ၎င်းတို့ကိုမုန်တိုင်းလွတ်ရာကျောင်းများ၊ ရုံးဌာနများနှင့် လူနေအိမ်များသို့ ရွှေ့ပြောင်းပေးခဲ့သည်ဟု ရေလွှမ်းမိုးမှုနှင့် မုန်တိုင်း ကာကွယ်ရေးကော်မတီအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒိုနိုသင်က ပြောကြားသည်။

ထပ်မံဝင်ရောက်လာသောသတင်းများအရ ဒမ်ရေးမုန်တိုင်းသည် နိုင်ငံကို ဖြတ်ကျော်တိုက်ခတ်သွားပြီဖြစ်ပြီး လူငါးဦးသေဆုံးကာ ပင်လယ်ရေမဝင်နိုင်ရန် ကာရန်ထားသော တမံအချို့ ကျိုးသွားကြောင်း သိရသည်။ ထိုအခြေအနေကြောင့် နိုင်ငံ၏ ဒုတိယစပါးအများဆုံးစိုက်ပျိုးရာဒေသများ ရေလွှမ်းမိုးနိုင်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗီယက်နမ်နိုင်ငံ အရှေ့ဘက် ကမ်းခြေဒေသတွင်ဒမ်ရေးမုန်တိုင်းတိုက်ခတ်နေသည်ကို စက်တင်ဘာ ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယဟိမဝန္တာဒေသတွင် နှင်းကျလေထန် တောင်တက်အဖွဲ့များ ခရီးစဉ်စွန့်လွှတ်

နယူးဒေလီ စက်တင်ဘာ ၂၈

အိန္ဒိယနိုင်ငံ၏ ဟိမဝန္တာတောင်မြင့်ပိုင်းတွင် ဆိုးရွားသောရာသီဥတုအခြေအနေများ ကျရောက်လာသည့်အတွက် အီတလီ တောင်တက်သမားတစ်ဦးနှင့် အထမ်းသမားတစ်ဦးတို့ အသက်ဆုံးရှုံးသွားပြီးအခြား၁၀ဦးတို့ကိုလည်း အိန္ဒိယလေတပ်ရဟတ်ယာဉ်ဖြင့် ကယ်ဆယ်လိုက်ရကြောင်းပီတီအိုင်သတင်းဌာနက စက်တင်ဘာ ၂၈ရက် သတင်းတွင် ဖော်ပြခဲ့သည်။

ထိုအီတလီတောင်တက်သမားအဖွဲ့သည် အိန္ဒိယနိုင်ငံ ဥတာရန်ချာလ်ဒေသရှိ နန္ဒာဒေဝီတောင်ကို တက်နေကြစဉ် ယခုကဲ့သို့ အဖြစ်ဆိုးနှင့် ကြုံကြရခြင်းဖြစ်သည်။ ယင်းအဖွဲ့၏ ခေါင်းဆောင် ဒါလာလောင်ဂါမာကိုနှင့် အထမ်းသမားတစ်ဦးတို့မှာ ရာသီဥတုဆိုးရွားမှုနှင့်ကြုံရပြီး သေဆုံးခဲ့ကြရသည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတာရန်ချာလ်ပြည်နယ်တွင် တည်ရှိသော နန္ဒာဒေဝီ တောင်ထွတ်သည် အိန္ဒိယ၌အမြင့်ဆုံးတောင်ဖြစ်ပြီး ၇၈၁၇ မီတာမြင့်သည်။ ***(အမ်အင်အေ/ဆင်ဟွာ)***

နီပေါတွင်မိုးသည်းထန်စွာရွာသွန်း ရိက္ခာဖြန့်ဝေရေးအခက်တွေ့

ခတ္တမန္ဒူး စက်တင်ဘာ ၂၈

နီပေါနိုင်ငံ အနောက်ဖျားနှင့် တောင်ထူထပ်သော အလယ်ပိုင်းဒေသများတွင် ပြီးခဲ့သော စက်တင်ဘာ ၂၄ရက်ကတည်းက မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိသောကြောင့် စားနပ်ရိက္ခာဖြန့်ချိရေး လုပ်ငန်းများ ရပ်ဆိုင်းသွားရကြောင်း၊ နီပေါရိက္ခာကော်ပိုရေးရှင်း (အင်အက်ဖ်စီ)မှ အရာရှိ တစ်ဦးက စက်တင်ဘာ ၂၇ရက်တွင် ပြောကြားသည်။

ရပ်ဆိုင်း

ဘန်ကီခရိုင်နှင့် ဆာခတ်ခရိုင်များမှ တောင်တန်းထူထပ်သော ဒေသများဆီသို့ပေးပို့နေသော ရိက္ခာဖြန့်ဝေရေး လုပ်ငန်းများမှာ မိုးသည်းထန်လွန်းသည့်အတွက် ရပ်ဆိုင်းခဲ့ရကြောင်း ဘဟီရီဇုန်နယ် အင်အက်ဖ်စီရုံးအကြီးအကဲ ဒီပကူမာရ်လမ်ရှာက ပြောကြားသည်။

တောင်တန်းဒေသ ၁၂ခရိုင်သို့ ရိက္ခာများကို နီပေါလ်ဂန်နီမြို့မှ တစ်ဆင့်ပေးပို့နေ ခြင်းဖြစ်သည်။ ထိုတောင်တန်းခရိုင်များတွင် မူဂူ၊ဟုမ်လာ၊ ဂျုမ်လာ၊ ဒိုလ်ပါ၊ ကာလီကောက်၊ ဘာဂျူရာ၊ ဘာဂျန်၊ ဒါလိဂ်၊ရိုလ်ပါ၊ ရူကမ်၊ ဂျာလကောဒ်နှင့် ဇူခတ်ခရိုင်တို့ ပါဝင်သည်။

ယခုအခါ ဟုမ်လာခရိုင်မှာ ရိက္ခာပြတ်သလောက်အခြေအနေသို့ ရောက်နေပြီဖြစ်ကြောင်း လမ်ရှာကပြောကြားသည်။

ဂျုမ်လာခရိုင်သို့ ဖြန့်ဝေရမည့် ဆန်ကီလို၉၅၀၀၀အနက် ဆန်ကီလို ၁၅၃၉၀၀ကိုသာ ဖြန့်ဝေရသေးသည်။ ကာလီကောက်ခရိုင်သို့ ပေးပို့ရမည့် ဆန်ကီလို ၅၅၀၀၀၀အနက် ဆန်ကီလို ၁၆၂၀၀၀သာပေးပို့နိုင်ခဲ့ပြီး ဒိုလ်ပါခရိုင်သို့ ပို့ရန်ရှိသည့် ဆန်ကီလို ၇၃၀၀၀၀ အနက်မှ ဆန်ကီလို ၁၆၅၀၀၀ကိုသာ ဖြန့်ဝေနိုင်ခဲ့သော အခြေအနေရှိသည်ဟု လမ်ရှာကပြောကြားသည်။

(အမ်အင်အေ၊ဆင်ဟွာ)

အဆို၊ အက၊ အရေး၊ အတီး နှစ်(၁၀၀)ကျော်ခရီး (၁၉၀၀-၂၀၀၅ခုနှစ်)

ထပ်ဆင့်ရွှေတံဆိပ်ဆုရ
ဂီတစာဆို -စိန်မွတ္တား

မြန်မာ့ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပညာရှင်ကြီးများသည် ပညာရပ်များကို အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည်။ အချို့သော ပညာရှင်ကြီးများသည် ၁၉၀၀-၁၉၁၃ ခုနှစ်အထိ ကျော်ကြားနေကြဆဲဖြစ်ကြပြီး ၎င်းယဉ်ကျေးမှု ပညာရပ်များကို လေ့လာလိုက်စားသူများအား သင်ကြား ပို့ချပေးနေကြသည်။ ထိုခေတ် ဂီတတေးသီချင်းများမှာ ကြိုး၊ ဘွဲ့၊ ပတ်ပျိုး၊ သီချင်းခန့်နှင့် ယိုးဒယားစသော သီချင်းကြီးများဖြစ်သည်။ သီချင်းကြီးများမှာ အဆိုနှင့်အတီး တစ်သားတည်းရှိခဲ့လှသည်။ တီးကွက်ကို တစ်ဘာသာကွန့်ထားသဖြင့် သီချင်းကြီးတစ်ပုဒ်ကို စည်းဝါးဉာဏ်ကရိဏ်း ကျနစွာ သီဆိုတီးမှုတ်နိုင်ရန် ဆရာများထံ စနစ်တကျ သင်ယူကြရသည်။ ပါရမီမပါလျှင် သင်၍မတတ်မြောက်ပါ။ အင်မတန် ခက်ခဲနက်နဲလှသဖြင့် ဝါသနာကြီးသူများမှလွဲလျှင် လိုက်စားသူ အင်မတန်နည်းပါးလှသည်။

ဂီတဆရာကြီးများသည် မန္တလေး၊ ရှမ်းပြည်နယ် သီပေါနှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် အခြေစိုက်ကြသဖြင့် ဝါသနာပါသူတို့မှာ ဆရာများထံ ဆည်းပူးရန် အခက်အခဲတွေ့ကြရသည်။ ထို့ကြောင့် ကြားဖူးနားဝဖြင့်ပင် ဆိုတီးကြသဖြင့် တီးကွက်နှင့်ဆိုဟန်တို့သည် မူမမှန်တော့ဘဲ အမျိုးမျိုးကွဲပြားခဲ့လေသည်။ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဖြစ်နေလေတော့သည်။

အဆို

ယင်းခေတ်တွင် အဆိုဘက်၌ ထင်ရှားသူများမှာ ဦးထွန်းအိုင်၊ ဆရာမှန်း၊ ဦးလူကြီး၊ ဆရာမြစ်တို့ ဖြစ်ကြသည်။ စောင်းကောက်နှင့် တွဲဖက်သီဆိုသူများ ဖြစ်ကြသည်။ စောင်းဆရာကြီး ဦးဖူးဂေါင်၊ ဦးဦးကာ (ဥက္ကါ)တို့သည် အဆိုရော အတီးပါ စွယ်စုံကျွမ်းကျင်ကြသည်။ ဘာသာရေးပွဲ၊ လူမှုရေးပွဲများတွင် မင်းသမီးကြီးများကို ငှားရမ်း၍ သီချင်းကြီးများဖြင့် ဖျော်ဖြေသော အလေ့အထရှိခဲ့သည်။ ထိုင်ဆို အငြိမ့်ဟုခေါ်သည်။ မစိန်ဆင်၊ မစိန်သုံ၊ အိန္ဒိယ စိန်မှုံတို့ လူကြိုက်များ ကျော်ကြားခဲ့သည်။

၁၉၁၀ပြည့်နှစ်ခန့်တွင် ဓာတ်ဆက်ဓာတ်ပြားများပေါ်လာ၍ သီချင်းကြီးဓာတ်ပြားများ၊ ဇာတ်ထုပ်များ၊ နာမည်ကျော်ဆိုင်းဆရာကြီးများ၏ ဆိုင်းတီးလုံးများ ခေတ်စားလာသည်။ ထိုစဉ်က (မစ္စကွစ်) ဓာတ်ပြားကုမ္ပဏီတစ်ခုတည်းသာ ရှိသေးသည်။ သီချင်းကြီးများ ဓာတ်ပြားသွင်းရာ၌ စောင်းဆရာငြိမ်းနှင့် အဆိုတော် ကျိုက်လတ်မယ်သင်တို့ ကျော်ကြားသည်။ ဇာတ်မင်းသားကြီး ဦးဖိုးစိန်သည် မဲဇာတောင်ခြေရတုကို ရှေးမူမှန်အတိုင်း မဆိုဘဲ ဆိုဟန်ကို တိုးချဲ့တီထွင်သဖြင့် မဲဇာတောင်ခြေရတုကို လူအများအသည်းစွဲခဲ့ကြသည်။ ဒေါ်စောမြအေးကြည်သည် ရှေးမြန်မာ့ဂီတသီချင်းကြီးများကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သူဖြစ်သည်။ ဆိုနည်း၊ ဆိုဟန်၊ တီးဟန်၊ တီးကွက်များကို ရှေးမူမှန်အတိုင်းဖြစ်အောင် အထူးထိန်းသိမ်းပေးခဲ့သည်။ ကိုလံဘီယာ ဓာတ်ပြားကုမ္ပဏီ ပေါ်ပေါက်လာသောအခါ အောင်မြင်သောအသံနှင့် အဆွဲအငင်ပိုင်နိုင်စွာ သီဆိုနိုင်သူ မကြည်အောင်၊ ချိုအေးကြည်လင်သော အသံရှင် မအေးမိ၊ အဆိုပိုင်သူ အငြိမ့်မင်းသမီးလေဘာတီမမြရင်၊ ၎င်းနောက် ဥသြဘသောင်နှင့် စိန်ပါတီတို့ စုံတွဲသီချင်းများ ကျော်ကြားလာသည်။

အက

အမေထွေး(ခေါ်)မထွေးလေးသည် ကိန္နရာအက အင်မတန်ကောင်းလှ၍ ကျော်ကြားသည်။ အပျိုတော် မသုံကြီး၏ အပျိုတော်အကသည်လည်း လူကြိုက်များသည်။ ဩဘာသောင်း၊ မြခြေချင်း မငွေမြိုင်၊ လေပါတီမမြရင်၊ ဥက္ကလာ မအေးကြည်တို့သည်လည်း ထင်ရှားသည်။ ဦးဖိုးစိန်သည် မြန်မာ့စည်း၊ မြန်မာ့ဝါးနှင့် ကိုက်ညီသော ခြေအကကို တီထွင်ခဲ့သည်။ ဦးစိန်ကတုံးသည် ပင်ကိုက ခြေတံလက်တံရှည်သဖြင့် ခြေကပ်၊ လက်ကပ် အကများ တစ်မူထူးစွာကပြသဖြင့် စိန်ကတုံး အကဟု ကျော်ကြားလာသည်။ အောင်မောင်းခြေထိုးအက နာမည်ကြီးသည်။ ၎င်းနောက် အောင်ငြိမ်း၊ တက်ခေတ်စိန် နာမည်ကြီးလာသည်။ မန္တလေးဒိုးကကြိုးကို ယောကျ်ား မင်းသမီးအောင်ဗလက ထွင်သည်။ ၎င်းနောက် ဩဘာသောင်း၊ မငွေစိန်၊ မစိန်ဥ၊ လင်းကွင်းအကဝိဇ္ဇာ ကောလိပ်စိန်နှင့် ရွှေနှင်းဆီတို့ အကစုံလင်၍ ထင်ပေါ်ခဲ့သည်။ တက္ကသိုလ်သိန်းတင်လည်း ယိုးဒယားအကဖြင့် နာမည်ကြီးခဲ့သည်။

အရေး

ဂီတစာဆိုကြီး ဦးလူကလေးမှာ မျက်စိမမြင်သော်လည်း သူ့အရေးအသားမှာ ပြောင်မြောက်လှသည်။ နာမည်ကျော် ဇာတ်မင်းသား၊ မင်းသမီးများကို ရေးပေးခဲ့ရသည်။ ၎င်းနောက် ဆရာကြည်၊ ဦးကျော်လှ၊ ဇရာဝဏ် ဦးအောင်ဒွန်း၊ ဦးသာဇံ၊ ဦးပြုံးချိုတို့ နာမည်ကြီးခဲ့သည်။ ဆရာကြီးဦးပြုံးချိုသည် မဟာဂီတစာအုပ် ပြုစုခဲ့သည်။ သူကိုယ်တိုင် ရေးစပ်ခဲ့သော တေဘုမ္မာ ယိုးဒယားနှင့် ဇာတိအာဏာယိုးဒယားသီချင်း နှစ်ပုဒ်မှာ စာသားရောတေးသွားပါ လေးနက်ပေါ်လွင်၍ တရားဓမ္မကို ဂီတဖြင့် သီကုံးထားခြင်းဖြစ်ရာ ရဟန်းရှင်လူတိုင်းလိုလို နှစ်သက်ကြသည်။ ဦးပြုံးချို၏ သီချင်းတစ်ပုဒ်မှာလည်း အလှူမင်္ဂလာနှင့် ပွဲနေပွဲထိုင်များ ယနေ့တိုင် နှစ်သက်စွာ ဆိုတီးနေကြဆဲပင်ဖြစ်သည်။ ၎င်းသီချင်းမှာ ဇေယျတုသဗ္ဗမင်္ဂလံသီချင်းဖြစ်သည်။ ၎င်းနောက် ဂီတစာဆိုများမှာ ဆရာခါ၊ ဆရာတာ၊ နန်းတော်ရှေ့ ဆရာတင်တို့ဖြစ်သည်။ နန်းတော်ရှေ့ ဆရာတင်၏ “သူဌေးဝါဒ” သီချင်းသည် မျိုးချစ်စိတ်ကို လှုံ့ဆော်ပေးသော တေးတစ်ပုဒ်ဖြစ်၍ ဝိုင်အမ်ဘီ ဆရာတင်ကလည်း ယခုနိုင်ငံတော်သီချင်း၏ ရှေ့ပြေးဖြစ်သည့် “ဒို့ဗမာသီချင်း”ကို စပ်ဆိုခဲ့သည်။ ၎င်းတို့နှင့် ခေတ်ပြိုင် ဂီတစာဆိုများမှာ မြန်မာညွှန့် ဆရာတင်၊ သဟာယဆရာတင်၊ ဒဂုံဆရာတင်၊ ရွှေတိုင်ညွှန့်၊ အရှေ့ပိုင်းဆရာချစ်၊ ၁၂ လမ်း ဆရာမောင်၊ အေဝမ်းဆရာညွှာ၊ မြို့မငြိမ်း၊ ဗြိတိသျှဘားမား ကိုခင်မောင်ထွေးနှင့် ဆရာထာတို့ဖြစ်သည်။

အတီး

ဒေဝဣန္ဒာ မောင်မောင်ကြီးကို စောင်းဘုရင်ဟု တင်စားကြသည်။ မိကျောင်းတူရိယာ၊ စန္ဒရား၊ ပတ္တလားစသော တူရိယာများ နိုင်နင်းကျွမ်းကျင်သည်။ ၎င်း၏တပည့် မောင်မောင်လတ် မဟာဂီတကျွမ်းကျင်သည်။ ဂီတဝိသောဓနီကျမ်းစာအုပ် ပြုစုထုတ်ဝေခဲ့သည်။ နာမည်ကျော်ပတ်တီးဆရာများမှာ ဦးမိုးညှင်း၊ ဆရာစိမ့်၊ စိန်ဗေဒါ၊ ဇာတ်မင်းသား ဦးစိန်ကတုံး၏ ဖခင် ဦးကျော်ဦး၊ ဦးဟန်ပ၊ ဦးဘမောင်တို့ဖြစ်ပြီး ပတ္တလားတွင် ဆရာသိန်းကြီး၊ ဆရာညွန့်၊ ဦးကျော်ဇံ၊ ဦးရင်မောင်၊ ဆရာဘကြီး၊ ဆရာဘလေးတို့ဖြစ်သည်။ နှဲဆရာကြီးများမှာ ဦးဇေယျာ၊ ဦးသာကြင်၊ ဦးဒီလုံး၊ ဦးကျောက်လုံးနှင့် မြန်မာညွန့် ဦးချစ်မောင်တို့ဖြစ်သည်။ ၁၉၁၀ပြည့်နှစ်ခန့်တွင် စန္ဒရားကို မြန်မာသံစဉ်ညှိ၍ တီးလာကြသည်။ စတင်စမ်းသပ်တီးခတ်သူမှာ ဆရာညွန့် ဖြစ်သည်။ ထို့နောက် ဆရာခန့်ကြီး၊ ဦးထွန်းဖေ၊ ဘိလပ်ပြန်ဆရာကြီး ဦးချစ်ထူးတို့ နာမည်ကြီးသည်။ ၎င်းနောက် ကောလိပ်ကျောင်းသား မောင်ကျော်သည် စန္ဒရားချန်ပီယံဘွဲ့ရခဲ့၍ ချန်ပီယံမောင်ကျော်ဟု နာမည်ကြီးခဲ့သည်။ ၎င်းအပြင် ရွှေပြည်အေး၊ စိန်ဝေလျှံ၊ အေဝမ်းခင်မောင်တို့လည်း နာမည်ကြီးကြသည်။ ၁၉၃၀ပြည့်နှစ်အလွန်တွင် ဂီတာကို မြန်မာ သံစဉ်အတိုင်း ကြိုးညှိ၍ ကျင်လည်စွာ တီးခတ်နိုင်သဖြင့် နာမည်ကြီး လာသူမှာ ဂီတာစိမ်းမောင်ဖြစ်သည်။ တယောကို မြင်းစိုင်းကြိုးနှင့် နိုင်နင်းစွာထိုးနိုင်၍ တယောဘသွင် နာမည်ကြီးလာပြီး ၎င်းသည် ကိုယ်တိုင် သီချင်းဆို၍ တယောထိုးနိုင်သူဖြစ်သည်။ တယောဘရီ၊ တယောဝိဇ္ဇာ ကိုဖိုးငိုတို့လည်း နာမည်ကြီးကြသည်။

ရုပ်သေး

ရုပ်သေးမင်းသား၊ မင်းသမီးများမှာ အသံကောင်း၊ အပြောကောင်း၊ အလွမ်းကောင်း၊ အဆိုကောင်းလျှင် ပို၍နာမည်ကြီးသည်။ ရုပ်သေးမှာစာ၊ ဇာတ်မှာတန်ဆာဟု အဆိုရှိသောကြောင့် ရုပ်သေးပညာရှင်များသည် စာပေပိဋကတ် နှံ့စပ်ရသည်။ ဦးဖူးညိုမှာ အသံတွင် ပြောသလောက် မကောင်းသော်လည်း အပြောနှင့် စာပေပရိယတ်ဖြင့် ပရိသတ်ကို ဖမ်းစားသည်။ ဦးပုသည် အသံကောင်းသဖြင့် အဆိုဖြင့် ပရိသတ်ကို ဖမ်းစားသည်။ ဦးကြွယ်သည် အသံသိပ်မကောင်း၊ အဆိုစည်းချော်သည်။ သို့သော် အပြောဖြင့် ပရိသတ်ကို ဆွဲဆောင်နိုင်သည်။

ခြောက်ယောက်စင် – တစ်ချိန်က ညောင်တုန်းမြို့ ငပိဆိပ်ကမ်းတွင် ရုပ်သေးလှေတစ်စီး ဆိုက်ကပ်လာသည်။ ရုပ်သေးလှေနှင့် ဇာတ်လှေခွဲခြားနည်းမှာ ရုပ်သေးလှေသည် ပေါင်းမိုးပေါ်တွင် သလွန်တင်ထားသည်။ ဇာတ်လှေမှာ လှေဦးရှက်တိုင်အနီးတွင် ဇာတ်သေတ္တာများ ပုံထားသည်။ ၎င်းဆိပ်ကမ်းသို့ ဆိုက်ကပ်လာသော ရုပ်သေးလှေတွင် ဆိုင်းသမား ခြောက်ယောက်၊ ရုပ်သေးသမား ခြောက်ယောက်၊ လူအနည်းစုဖြစ်သဖြင့် ပွဲကြိုက်သူများမှာ အထင်သေးကြသည်။ သို့သော် ၎င်းခြောက်ယောက်စင်သည် တစ်ယောက်လျှင် အရုပ်ပေါင်း များစွာကိုင်၍ ပိဋကတ်စာပေများ နှုတ်ငုံရကြသည်။ ဝမ်းစာပြည့်သူများ ဖြစ်ကြသည်။ ပွဲကြိုက်သူများကို အံ့သြလောက်အောင် ပညာပြနိုင်ကြ၍ ပြောစမှတ်တွင်အောင် ခြောက်ယောက်စင်ဟု နာမည်ကြီးလေသည်။

၁၉၀၀ပြည့်နှစ်က မန္တလေးမြို့ ရာဇဝတ်ဝန် ဦးနီသည် စစ်ကိုင်းတောင်ရိုး ဆွမ်းဆန်အတွက် ဆိုင်းတန်းရုံ ယခုနေပြည်တော် ရုပ်ရှင်ရုံတွင် ရုပ်သေးစင် ငါးစင်ပေါင်း၍ ရုံသွင်းသည်။ ပဒုမပေါင်တိုဇာတ်တွင် ပိဋကတ် ဆရာမောင်နှင့် ကိုပုတို့အတွဲ မဲကျလေသည်။ ကိုပုက အသံကောင်း၊ အဆိုကောင်း၊ အလွမ်းကောင်းဖြစ်၍ ပိဋကတ်ဦးမောင်ကြီးနှင့် လိုက်ဖက်မညီ၍ စိုးရိမ်နေကြသည်။ ကျွဲတစ်ဖက်၊ နွားတစ်ဖက်ဟူ၍လည်း ပြောကြသည်။ ဇာတ်စကလျှင်ပဲ ကိုပုက အသံဖြင့် လိမ့်ယက်တွန်းတွန်း တိုက်တိုက်ဖြင့် ဆိုလိုက်လွမ်းလိုက်ရာ ပရိသတ်မှာ ကိုပုဘက်ပါသွားသည်။ ပိဋကတ်ဦးမောင်ကြီး အလှည့်ရောက်တော့ ကာမရာဂ သံယောဇဉ် အကြောင်း၊ ကာမသဝအကြောင်း၊ သတ္တဝါဖြစ်လာလျှင် အဝိဇ္ဇာဆိုသည့် သံယောဇဉ် အမြစ်တန်းလန်း ငန်းဖမ်းတတ်ကြောင်း စသည် တရားဓမ္မ စာပေများဖြင့် ဆုံးမပြောဆိုသွားရာ ဣန္ဒြေရရ လျှာဂိုက်နာနာ အာဇောက်ကောင်းကောင်းနှင့် ဆိုတော့ပြောတော့ ကိုပုပျောက်သွားသည်။ တကယ့် မှတ်တမ်းရှိခဲ့သည့် ရုပ်သေးပညာများဖြစ်သည်။

ဇာတ်တော်

စိန်ကတုံး မင်းသားဖြစ်စ ရှစ်နှစ်ခန့် ရှိသည့်အချိန် ဇာတ်ဆရာတစ်ဦးက မင်းသားနှစ်ဦးဖြင့် ဇာတ်ထောင်သည်။ ဆဒ္ဒန်ဆင်မင်းဇာတ်ကရာတွင် စိန်ကတုံးကို သောနုတ္တိုရ်မုဆိုးအဖြစ် အကခိုင်းတော့ စိန်ကတုံးက **“ဒါ ငါ့သက်သက်နှိမ်တာပဲ”**ဆိုပြီး ဆဒ္ဒန်ဆင်မင်းကို လေးနှင့်ပစ်ရမည့်အခန်းတွင် မပစ်သေးဘဲနှင့် အလောင်းတော်ကို မြားဖြင့်ပစ်ရသည့်အပြစ်အကြောင်း၊ ဝိပါက်ကံပါလာ၍ မလွဲသာ၍ ပစ်ရတော့မည်ဖြစ်ကြောင်း၊ နောင်ခံရမည့် ဝဋ်ကြွေးအကြောင်း ပြောပြောငိုနေ၊ လွမ်းနေတော့ ပရိသတ်က သောနုတ္တိုရ်ကို သနားပါလေရော။ ဒီတွင် ဆဒ္ဒန်ဆင်မင်းလုပ်သူမင်းသားက **“ဟေ့ ဖိုးထွန်း၊ မင်းမြားက ဒီနေ့ညပစ်ဦးမှာလား၊ ငါက ဘယ်နေရာလွမ်းရမှာလဲ ”** ပြောခဲ့ရလေသည်။

၁၉၁၆ ခုနှစ် ရေနံချောင်းမြို့ ဦးဖေဥ မင်္ဂလာဇာတ်ရုံတွင် နာမည်ကြီးဇာတ်တစ်ဇာတ် ကစဉ်က အပျိုတော်ကပြီးပြီ၊ ဇာတ်ပန္နက်ရိုက်ပြီးပြီ၊ မြို့ရိုးကားတွင် မမျှော်လင့်ဘဲ အရပ်ဝတ်ဖြင့် လူတစ်ယောက်တက်လာသည်။ ပရိသတ်ငြိမ်လောက်အောင် ချောင်းဟန့်၊ မျက်နှာထားပေးလိုက်ရာ ပရိသတ်ပတ်မတုပ်ရဘဲ ငြိမ်သွားသည်။ ထိုသူက “မြေကတုတ်တွေ ချချပြီး ကြံကာစီလိုက်ကာ မြန်ပြည်တစ်ဆူ ဘုရင်က တားလို့သာပေါ့ သို့မဟုတ်ရင်လား ကျုပ်တို့လူအင်အားနဲ့တောင် ဒီအင်္ဂလန်ကို ရမ်းပစ်နိုင်တာပေါ့၊ ဘုရင်ခံဖမ်းဖို့ဆိုတာကလည်း မျောက်ထက်တောင်လွယ်သေး”– ဟု ဆိုလိုက်ရာ ပရိသတ်ပွဲကျသွားသည်။ ဇာတ်ရုံအပြင်ဘက်မှ လူတွေလည်း ရုံအတွင်းသို့ တိုးဝှေ့ဝင်လာကြသည်။ ပရိသတ်ကဆူညံစွာ ဩဘာပေးကြသည်။ ၎င်းပုဂ္ဂိုလ်ကြီးကို လေ့လာစူးစမ်းကြည့်ကြရာ မျိုးချစ်–လက်ာရွတ်ဆိုသွားသူမှာဇာတ်ပညာရှင် ကြီး အလင်္ကာကျော်စွာ ဦးစံခို ဖြစ်ပေသည်။

ပထမကမ္ဘာစစ်ကြီးအတွင်းမှစ၍ အနောက်တိုင်း ဂီတယဉ်ကျေးမှုများ မြန်မာနိုင်ငံကို ထိုးဖောက်လာခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံ တူရိယာအဖွဲ့ချုပ်မှ ကြီးမှူး၍ မြန်မာ့သီချင်းကြီး အဆို၊ အတီး၊ အက ပြိုင်ပွဲကို ကျင်းပပေးခဲ့ရာ မြန်မာ့ရိုးရာ မဟာဂီတနှင့် အကတို့ လူငယ်များ လေ့လာလိုက်စားလာခဲ့ကြသည်။ ယနေ့ခေတ် ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာလို့ ဆိုကြသလိုပဲ အရှေ့၊ အနောက်၊ တောင်၊ မြောက်မှ သတင်းဆက်သွယ်မှု၊ ယဉ်ကျေးမှုရေးရာတို့မှာ ခုဖြစ်၊ ခုမြင်၊ ခုသိ၊ ခုကြည့် နေရလေပြီ။ မိမိတို့စရိုက်လက္ခဏာနှင့် မကိုက်ညီသော တိုင်းတစ်ပါး ယဉ်ကျေးမှုများ ထိုးနှက်မှုကာကွယ်ခြင်း၊ မိမိတို့၏ ကိုယ်ပိုင်ဂီတ၊ အကယဉ်ကျေးမှုများကို တန်ဖိုးထားခြင်း၊ မြတ်နိုးခြင်း၊ လေ့လာလိုက်စားခြင်းတို့သည် အရှိန်အဟုန်မြင့်မားလာလေသည်။

ယခုနှစ်ဆိုလျှင် နိုင်ငံတော်အစီအစဉ်ဖြင့် အဆို၊ အက၊ အရေး၊ အတီး ပညာရှင်ကြီးများသည် မြန်မာပြည်တစ်နံတစ်လျားတွင် မျိုးဆက်သစ် လူငယ်မောင်မယ်များကို ပညာရပ်များ သင်ကြားပို့ချနေကြပြီဖြစ်သည်။ နည်းပြဆရာ ရှားပါးမှု အခက်အခဲမရှိတော့ပါ။ စံခွေ(တိပ်ခွေ)များလည်း ပြဋ္ဌာန်းထုတ်ဝေပြီးဖြစ်၍ မူကွဲ၊ ဂိုဏ်းကွဲများလည်း မရှိတော့ပါ။ အထူးသဖြင့် ရန်ကုန်နှင့် မန္တလေးယဉ်ကျေးမှု တက္ကသိုလ်ကြီးနှစ်ခု၏ အင်အားကလည်း တစ်နှစ်ထက်တစ်နှစ် ကြီးထွားလာပြီဖြစ်သဖြင့် နိုင်ငံနှင့်လူမျိုးအတွက် ယဉ်ကျေးမှုရေးရာများ အားရကျေနပ်စရာဖြစ်ကြရပါသည်။

နိုင်ငံတော် အကြီးအကဲ၏ ကြီးမားသော အမြော်အမြင်နှင့် စစ်မှန်သောစေတနာများကို ဂုဏ်ယူအားရ ကျေးဇူးဆပ်သောအားဖြင့် မိမိအပါအဝင် လက်ဆင့်ကမ်းပညာရှင်ကြီးများ၊ မျိုးဆက်သစ် လူငယ်မောင်မယ်များက တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကြီးကို ကြိုဆိုရင်း ပျော်ရွှင်ကြည်နူးစွာ ပါဝင်ဆင်နွှဲကြမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား UNAIDS မှ ညွှန်ကြားရေးမှူးနှင့်အဖွဲ့တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၈

ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား UNAIDS မှ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. J. V.R Prasada Rao နှင့် အဖွဲ့သည် ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ စက်မှု(၁)လမ်းနှင့် ဆရာစံလမ်းထောင့်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်း၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာန ဌာနမှူး ရဲမှူးကြီးစစ်အေးနှင့် ရုံးအဖွဲ့မှူး ဦးကျော်စန်းတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးအား UNAIDS မှ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr.J.V.R Prasada Rao နှင့်အဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံစဉ်။ (ပြည်ထဲရေး)

ဆဋ္ဌမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ဆဋ္ဌမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကျင်းပရေး ဦးစီးကော်မတီအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မန္တလေးမိုး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရွှေပြည်ဟိန်းကျောင်း ကုသိုလ်ဖြစ်ဆေးခန်း တိုင်းရင်းဆေးဖြင့်ကုသမည်

ရန်ကုန် စက်တင်ဘာ ၂၈

ရန်ကင်းမြို့နယ် ပြည်သာယာ (ကျိုက္ကစံ စူပါဝမ်း တာမွေလေးသံလမ်း) ရွှေပြည်ဟိန်းကျောင်း၌ ဖွင့်လှစ်ထားသော ကုသိုလ်ဖြစ်ဆေးခန်း၌ ဝေဒနာရှင်များအား တိုင်းရင်းဆေးဖြင့် အောက်တိုဘာ ၁ ရက်မှစ၍ တိုးချဲ့ကုသမည်ဖြစ်ရာ နေ့စဉ် ညနေ ၄ နာရီခွဲမှ ၅နာရီခွဲအထိ ဆရာဦးကျော်လှိုင်ဦး(ဆင်ဖြူကျွန်း ကျော်လှိုင်ဦး)က ကုသပေးမည်ဖြစ်၍ လာရောက်ကုသမှုခံယူနိုင်ကြောင်းနှင့် လှူဒါန်းလိုသူများ ရွှေပြည်ဟိန်းကျောင်း ဖုန်း-၅၄၁၄၉၃ သို့ ဆက်သွယ်ပံ့ပိုး လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဆဋ္ဌမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ကျင်းပရေးစည်းဝေး ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၂၈

ကျန်းမာရေးဝန်ကြီးဌာန ဆဋ္ဌမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ကျင်းပရေးဦးစီးကော်မတီ အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၂နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ ဆဋ္ဌမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားကျန်းမာရေး ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းအောင်၊ အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုး၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆဋ္ဌမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မြန်မာ့တိုင်းရင်းဆေး အခန်းကဏ္ဍမြင့်မားစေရန်နှင့် စည်းလုံးညီညွတ်မှုရရှိစေရန် ဝန်ကြီးဌာနအသီးသီး စည်းလုံးညီညွတ်စွာ ပါဝင်ဆောင်ရွက်မှုဖြင့် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံကို ၂၀၀၀ပြည့်နှစ်တွင် စတင်ကျင်းပခဲ့ကြောင်း၊ ထို့နောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံကို ဆက်လက်၍နှစ်စဉ်ကျင်းပခဲ့ကြောင်း၊ မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ကျင်းပခြင်းမှာ အစွမ်းထက်သည့် မြန်မာ့တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ထိရောက်စေပြီး မြန်မာ့တိုင်းရင်းဆေးပညာ အရည်အသွေး တိုးတက်မြင့်မားစေရန်ဖြစ်ကြောင်း၊ ယခုနှစ် ဆဋ္ဌမအကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကိုလည်း မြင့်မားသော ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဆွေက ညီလာခံကျင်းပရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြပြီး ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၈

အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်)က ကြီးမှူးကျင်းပသည့် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် စုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၂၇ရက်က အဆိုပါဦးစီးဌာန စကားဖြူခန်းမ၌ကျင်းပရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဆုရအသင်းများအား ဆုများအသီးသီး ချီးမြှင့်ခဲ့သည်။

စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် မြသီလာ ပညာရေးဝန်ဆောင်မှု သမဝါယမအသင်း လီမိတက်က ကူညီပံ့ပိုးပေးခဲ့ပြီး ယင်းပြိုင်ပွဲသို့ ရန်ကုန်တိုင်း လေးခရိုင်မှ ပြိုင်ပွဲဝင် အသင်း ၃၂ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ (ပညာရေး)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သလ္လာဝတီလမ်းနေ နှစ်ဖက်သော မိဘများအားရည်စူး၍ ဦးအောင်နိုင်-ဒေါ်ခင်သန်းသန်း၊ သား၊ သမီး၊ မြေးတစ်စုတို့က ဆေးပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဒေါက်တာ ဦးယဉ်ထွန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၈-၉-၂၀၀၅

မိတ္ထီလာ	၂ ဒသမ ၃၂ လက်မ
ဘီးလင်း	၂ ဒသမ ၁၇ လက်မ
ထားဝယ်	၁ ဒသမ ၇၃ လက်မ
လှိုင်ကော်	၁ ဒသမ ၄၆ လက်မ
ပျဉ်းမနား	၁ ဒသမ ၂၆ လက်မ
ရမည်းသင်းနှင့်ရေးမြို့	၁ ဒသမ ၁၄ လက်မစီ
ကျောက်ဆည်	၀ ဒသမ ၇၅ လက်မ
ချောက်	၀ ဒသမ ၅၅ လက်မ

ကြည့်မြင်တိုင်မြို့နယ် အမှတ်(၇)အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို စက်တင်ဘာ ၂၄ရက်က ကျင်းပရာ တတိယတန်းမှ ပထမဆုရ မအိအိခိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်မြင့် ဆုချီးမြှင့်စဉ်။ (က-ပ)

✪ ရှေ့ဖုံးမှ

ညှိနှိုင်းအစည်းအဝေးသို့ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီနှင့် ဘာသာရပ်ဆိုင်ရာ အကဲဖြတ်လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ကျင်းပရန် ရက်အနည်းငယ်သာလိုတော့သဖြင့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီနှင့် ဘာသာရပ်ဆိုင်ရာ အကဲဖြတ်လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအနေဖြင့် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို အပြီးသတ်ပြင်ဆင် စီမံဆောင်ရွက်ထားရှိကြရန်နှင့် ပြိုင်ပွဲကြီး စည်စည်ကားကား သိုက်သိုက်ဝန်းဝန်းဖြင့် အောင်မြင်စွာကျင်းပနိုင်ရန် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း။

တေရသမအကြိမ်(၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ပြိုင်ပွဲဝင်ဦးရေသည် ယခင်နှစ်ကထက် ပိုမိုများပြားလာသည်ကို တွေ့ရှိရသဖြင့် တည်းခိုနေထိုင်ရေးနှင့် လေ့လာရေးခရီးစဉ်များကို အဆင်ပြေချောမွေ့စေရန် စနစ်တကျ စီမံဆောင်ရွက်ထားကြရန် မှာကြားလိုကြောင်း။

အကဲဖြတ်ဒိုင်အဖွဲ့ဝင်များအနေဖြင့် ဆုရွေးချယ်ရာတွင် ဆုနှင့် အမှန်တကယ် ထိုက်တန်သူကိုသာလျှင် မှန်မှန်ကန်ကန်၊ မျှမျှတတ ရွေးချယ်ပေးကြရန် မှာကြားလိုကြောင်း၊ အကဲဖြတ်အနုပညာရှင်များအနေဖြင့် မျိုးဆက်သစ်အနုပညာရှင်လူငယ်များ ပေါ်ထွန်းရေးအတွက် မိမိတို့၏ အသက်အရွယ်ကြီးမြင့်မှုကိုပင် ပဓာနမထားဘဲ စိတ်ရောကိုယ်ပါ တက်တက်ကြွကြွ ပါဝင်ထမ်းဆောင်ကြသည်ကို တွေ့ရသဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ဆက်လက်ပြီး အနုပညာတာဝန်များကို တစ်တပ်တစ်အားပါဝင်ထမ်းဆောင်နိုင်ရန် ကျန်းမာရေးကို အထူးဂရုစိုက်ကြစေလိုကြောင်း။

တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်း အဝေးတွင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယ ဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်ရှင်းလင်းတင်ပြစဉ်။(သတင်းစဉ်)

ယနေ့ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသော လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီနှင့် အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များမှ တာဝန်ရှိသူများအနေဖြင့် ပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပရေးအတွက် မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် စီမံဆောင်ရွက်ကြရန်ဖြစ်ကြောင်း မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က ပြိုင်ပွဲကျင်းပရေးအတွက် လုပ်ငန်းဆိုင်ရာကိစ္စရပ်များ စီမံဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများနှင့် ဘာသာရပ်ဆိုင်ရာ အကဲဖြတ်လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲစာမူများ သတ်မှတ်ရက်အမီပေးပို့ရေး ထပ်မံနှိုးဆော်

ရန်ကုန် စက်တင်ဘာ ၂၈

၂၀၀၅ခုနှစ် (၁၆)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီက ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများ ကျင်းပပေးမည်ဖြစ်ကြောင်း ကြေညာခဲ့ပြီးဖြစ်သည်။ ပြိုင်ပွဲဝင်စာမူများ နောက်ဆုံးပေးပို့ရမည့်ရက်မှာ အောက်တိုဘာ ၃၀ရက်ဖြစ်၍ အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ အချိန်မီပေးပို့ကြရန် ထပ်မံ နှိုးဆော်ထားသည်။ (သတင်းစဉ်)



ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဝေါမြို့နယ် ပြည်သူ့ခန်းမ၌ကျင်းပသော ဝေါမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၅)တွင် အမှာစကားပြောကြားစဉ်။ (ရထား)

ဝေါမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ယမန်နေ့နံနက်ပိုင်းတွင် ဝေါမြို့ မြို့နယ်ပြည်သူ့ခန်းမ၌ကျင်းပသော မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၅)သို့ တက်ရောက်သည်။

မှာကြား

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင်က အသင်းကြီး၏ ရည်ရွယ်ချက်နှင့် မူဝါဒများ၊ နိုင်ငံတော် တည်ဆောက်ရေးနှင့် ကျေးလက် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် မိတ်ဖက်အသင်းများနှင့် ပူးပေါင်း ပါဝင်ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး ပြည်သူ့စွမ်းအား၊ စည်းလုံးမှုစွမ်းအားတို့ဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော် ပေါ်ထွန်းရေးတွင် တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ရန်၊ စည်းလုံးညီညွတ်မှု၊ အေးချမ်းတည်ငြိမ်မှုနှင့် တရားဥပဒေစိုးမိုးရေးတို့အား ထိပါးလာမှုများကို အသင်းဝင်များနှင့် မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြင့် ကာကွယ်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဝေါမြို့နယ်မှ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဗဟိုအလုပ်အမှုဆောင်ကလည်းကောင်း၊ အသင်းအတွင်း စွမ်းဆောင်ရည် ထူးချွန်ဆုများကို တိုင်းအသင်း အတွင်းရေးမှူး ဦးစောမော်ထွန်းကလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

ဗဟိုအလုပ်အမှုဆောင်သည် ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မင်း၊ တိုင်းအသင်း အတွင်းရေးမှူး ဦးစောမော်ထွန်းတို့ လိုက်ပါ၍ ကဝမြို့နယ်ခန်းမသို့ ရောက်ရှိပြီး ကဝမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး ၂၀၀၅ သို့ ဆက်လက်တက်ရောက်သည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် သနပ်ပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးသို့ တက်ရောက်သည်။ (သတင်းစဉ်)

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၅)ကို စက်တင်ဘာ ၁၅ ရက်က ရာမညခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီး စိုးမြင့်အောင်က တက္ကသိုလ်ဝင်စာမေးပွဲတွင်

ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် အသင်းဝင်တစ်ဦးအား ဆုချီးမြှင့်စဉ်။ (၃၀၇)

ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ မိုင်းနောင်မြို့နယ်အတွင်းဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် မိုင်းနောင်မြို့နယ် လုံယမ်းကျေးရွာ အရဏ်ဦး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ ၁၄ရက် မွန်းလွဲ ၁နာရီတွင် အဆိုပါကျေးရွာ၌ ကျင်းပရာ မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းအေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌ ဦးဂျာထောက စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ဗိုလ်မှူးချုပ်သောင်းအေးက အမှာစကား ပြောကြား၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းမီးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းအေးက စာကြည့်တိုက်အတွက် သုတ၊ ရသ၊ ဂျာနယ်၊ စာစောင် စုစုပေါင်းအုပ်ရေ ၃၅၀ကျော်ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်တာဝန်ခံ ဦးဂျိုးဇက်နှင့် ဦးဂျာထောတို့က လက်ခံရယူပြီး ဦးဂျိုးဇက်က စာကြည့်တိုက် ဖွင့်လှစ်ပေးနိုင်ခြင်းအတွက် ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ မိုင်းနောင်မြို့နယ် ဝမ်ဆင်းကျေးရွာ အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကို စက်တင်ဘာ ၁၇ရက် မွန်းလွဲပိုင်းတွင် အဆိုပါကျေးရွာ၌ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးဒေစိန်က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းအေးက စာကြည့်တိုက်အတွက် သုတ၊ ရသ၊ ဂျာနယ်၊ စာစောင်၊ မဂ္ဂဇင်း စုစုပေါင်းအုပ်ရေ ၄၀၀ခန့်ကို ပေးအပ်လှူဒါန်းကြောင်းနှင့် မိုင်းနောင်မြို့နယ်အတွင်း ယခုဖွင့်လှစ်လိုက်သည့် စာကြည့်တိုက်များအပါအဝင် ကျေးလက်စာကြည့်တိုက် စုစုပေါင်း ငါးခု ဖွင့်လှစ်ပြီးဖြစ်သည်။ (သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့ ။

၂၀၀၅ခုနှစ်၊ စက်တင်ဘာလ (၂၈)ရက်နေ့အထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၃၁၉၂၄)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့
လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

✧ ကျောဖုံးမှ

များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ထူးချွန်လူငယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်မြေတာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အဖွင့်အမှာစကား ပြောကြားသည်။

လှူဒါန်း

ထို့နောက် စမ်းချောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူရှင်များက ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားစက်တစ်လုံးနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက လက်ခံပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်အတွင်းရှိ ပညာရေးဌာနများနှင့် စက်ရုံအလုပ်ရုံများက အသင်းဝင်အဆိုပြုလွှာ ၁၅၂၆ စောင်တို့ကို ပေးအပ်ကြရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တအတွင်းရေးမှူး ဦးသာဝင်းက လက်ခံယူသည်။

ထို့နောက် မြို့နယ်အတွင်းမှ အသင်းဝင် ထူးချွန်ကျောင်းသား၊ ကျောင်းသူများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ထူးချွန်လူငယ်များအား ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တ အတွင်းရေးမှူး ဦးသာဝင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးနေဝင်းနှင့် အလုပ်အမှုဆောင်များက ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြပြီး အစည်းအဝေး ပထမပိုင်းအစီအစဉ်ကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် အစည်းအဝေး ဒုတိယပိုင်းအစီအစဉ်များကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဌေးအောင်က ဆောင်ရွက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

ဖတ်ကြားတင်ပြ

ဆက်လက်၍ စမ်းချောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များက ၂၀၀၅ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာအပေါ်ရေးရာအလိုက် ဖတ်ကြားတင်သွင်းကြပြီး ပြည်တွင်း ပြည်ပအဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေးစာတမ်းကို ဖတ်ကြားတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် အသင်းဝင်ကိုယ်စားလှယ်များက နှစ်ပတ်လည်အစီရင်ခံစာအပေါ် ရေးရာအလိုက် အကြံပြုထောက်ခံဆွေးနွေးတင်ပြကြရာ မြို့နယ်အသင်း တွဲဖက်အတွင်းရေးမှူး ဦးတင်ထွန်းအောင်က အကြံပြုဆွေးနွေးတင်ပြချက်များကို ပြန်လည်ဖြေကြားသည်။

ယင်းနောက် သင်းလုံးကျွတ်အစည်းအဝေးက ဆုံးဖြတ်ချက်သုံးရပ်၊ အတည်ပြုခြင်းတစ်ရပ်နှင့် မှတ်တမ်းတင်ခြင်းနှစ်ရပ်တို့ကို ချမှတ်ပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးဒုတိယပိုင်း အစီအစဉ်များကို ကြွေးကြော်သံများဖြင့် ကြွေးကြော်၍ ရုပ်သိမ်းလိုက်သည်။(သတင်းစဉ်)

ငွေဆောင်နှင့် ချောင်းသာကမ်းခြေဟိုတယ်များ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုစစ်ဆေးမှာကြား

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ချောင်းသာကမ်းခြေ အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆက်သွယ်ရေး)

ရန်ကုန် စက်တင်ဘာ ၂၈

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ပုသိမ်မြို့သို့ထွက်ခွာရာ ညောင်တုန်းမြို့သို့ရောက်ရှိစဉ် ဝန်ကြီးသည် ညောင်တုန်းမြို့နယ်၊ ဓနုဖြူမြို့နယ်နှင့် ဇလွန်မြို့နယ်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံပြီး ဆက်သွယ်မှုစနစ် ကောင်းမွန်ရေးအတွက် ဆွေးနွေးမှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ပုသိမ်မြို့သို့ရောက်ရှိပြီး ပုသိမ်ဟိုတယ်ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်-ငွေဆောင်လမ်းကြောင်းတစ်လျှောက် ပွင့်လင်းရာသီအတွက် ပြင်ဆင်ဆောင်ရွက်နေသော လမ်းတံတား အခြေအနေများကို ကြည့်ရှုပြီး ငွေဆောင် ကမ်းခြေသို့ရောက်ရှိသည်။ ဝန်ကြီးသည် ငွေဆောင်ကမ်းခြေတစ်လျှောက် ဟိုတယ်များ တည်ဆောက်ပြုပြင်မှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။ ဝန်ကြီးသည် စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ချောင်းသာကမ်းခြေသို့ရောက်ရှိကာ ချောင်းသာကမ်းခြေ အခြေအနေနှင့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ဆောင်မှုကောင်းမွန်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပွင့်လင်းရာသီအမီ ပြင်ဆင်မှုများ အချိန်မီဆောင်ရွက်နိုင်ရေးတို့အတွက် မှာကြားသည်။ ထို့နောက် ဝန်ကြီးသည် ချောင်းသာအိတ်ချိန်း၊ စာတိုက်နှင့် အော်တိုတယ်လီဖုန်းစက်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ချောင်းသာကမ်းခြေ ဟိုတယ်ကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး ဟိုတယ်၌ တည်းခိုနေထိုင်လျက်ရှိသည့် ဧည့်သည်များနှင့် ရင်းနှီးစွာတွေ့ဆုံနှုတ်ဆက်သည်။ ထို့နောက် ဝန်ကြီးသည် ချောင်းသာလေဆိပ်နေရာနှင့် ဖိုးကုလားကျွန်းတစ်ဝိုက် ဥတိုချောင်း ရေစီးဆင်းမှုအခြေအနေကို ကြည့်ရှုပြီး သဘာဝဘေးအန္တရာယ်ကြိုတင် ထိန်းသိမ်းကာကွယ်ရေးနှင့် စပ်လျဉ်း၍မှာကြားသည်။(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၌ ကျင်းပသည့် ပြည်ပလေ့လာရေးသင်တန်း တက်ရောက်ခဲ့သော အဖွဲ့ဝင်နှစ်ဦး၏ အတွေ့အကြုံရှင်းလင်းပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင် အမှာစကားပြောကြားစဉ်။ (အမျိုးသမီးရေးရာအဖွဲ့ချုပ်)

ပြည်ပအလုပ်ရုံဆွေးနွေးပွဲ အတွေ့အကြုံရှင်းလင်း

ရန်ကုန် စက်တင်ဘာ ၂၈

ပြည်ပအလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အဖွဲ့ဝင်နှစ်ဦး၏ အတွေ့အကြုံရှင်းလင်းပွဲကို စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၂နာရီတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမဆောင်၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး၊ ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ဒေသစည်းရုံးရေးမှူးများနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အတွင်းရေးမှူးအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် JICAအစီအစဉ်ဖြင့် ဂျပန်နိုင်ငံ၌ အလုပ်ရုံဆွေးနွေးပွဲနှင့် လေ့လာရေးသင်တန်းများသို့ တက်ရောက်ခဲ့သော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့၊ ပညာရေးလုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင် ဒေါက်တာမာမာသီက Gender Mainstreaming Policies for Government Officers ဆိုင်ရာဆွေးနွေးပွဲ သင်တန်းသို့တက်ရောက်ခဲ့ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ အမျိုးသမီးများကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင် ဒေါက်တာအေးမြတ်လွင်က Adolescent Sexual and Reproductive Health အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးသည်။

(သတင်းစဉ်)

အောက်တိုဘာလပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်

ရန်ကုန် စက်တင်ဘာ ၂၈

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် မိုးပိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ ထိမ်ထူထပ်မည်။

ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ၁၆ ရက်ခန့်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ၁၀ရက်မှ ၁၂ရက်ခန့်၊ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ၇ ရက်မှ ၉ ရက်ခန့် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။

ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ ရွှေကျင် မြစ်နှင့် ပဲခူးမြစ်တစ်လျှောက်ရှိမြို့များတွင် မြစ်ရေများသည် အနည်းငယ် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးသို့ ရောက်နိုင်ဖွယ်မရှိပါ။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အရန်မီးသတ် အကြိုအခြေခံ မီးသတ်သင်တန်း အမှတ်စဉ်(၄/၂၀၀၅)သင်တန်းဆင်းပွဲနှင့် တူညီဝတ်စုံပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၂၅ရက်က (၂၈)ရပ်ကွက် အထက(၁) သံလွင်ခန်းမတွင် ကျင်းပရာ မြို့နယ်မီးသတ် ဦးစီးဌာနမှူး ရဲသူရိန် ကိုကိုစိုးက အလှူရှင်များအား ဂုဏ်ပြုလွှာ ပေးအပ်စဉ်။ (မြို့နယ်မီးသတ်)

ညောင်ရိပ်သာတရားစခန်း

ရန်ကုန် စက်တင်ဘာ ၂၈

သာကေတမြို့ ၁၀/တောင်ရပ်ကွက် ၁၀၈ တောင် စွယ်တော်ရှင်ဘုရားကြီးအနီး ညောင်ရိပ်သာ တရားစခန်းတွင် လယ်တီဆရာတော်ကြီး၏ ကာယာနုပဿနာနှင့်ဓာတုမနသီကာရနည်းအရ ပဓာနနာယက အရှင်စောသရာဘိဝံသ ဆရာတော်က (၂၉)ကြိမ်မြောက် ခုနစ်ရက်အဓိဋ္ဌာန်တရားစခန်းကို သီတင်းကျွတ်လဆန်း ၁၀ ရက်မှ လပြည့်ကျော် ၁ ရက်ထိ ဟောကြားပြသမည်ဖြစ်သည်။ ထို့ပြင် နှစ်စဉ်စုပေါင်းကျင်းပမြဲကထိန်အလှူတော်ကို တရားစခန်းသိမ်းအောင်ပွဲနှင့်အတူ လပြည့်ကျော် ၁ရက်တွင်ကျင်းပမည်ဖြစ်သည်။ ဒုလ္လဘတရားစခန်းဝင်လိုသူများနှင့် ကထိန်ပါဝင်ပူဇော်လိုသူများ ဖုန်း- ၅၄၇၀၂၅ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၉-၉-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၅ ၆။ အဆိုပြိုင်ပွဲ
၈:၁၀ ၇။ အကပဒေသာ
၈:၂၀ ၈။ နတ်သားတောရေလှောင်တမံ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၄:၄၅ ၄။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၀၀ ၅။ **၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(ဓမ္မပူဇာတေး) (အခြေခံပညာ ၁၅-၂၀နှစ်) (အမျိုးသား)**
၅:၁၀ ၆။ ထာဝစဉ်နှလုံ မြန်မာ့ဂီတ (အရေးပညာဘာသာရပ် ဆွေးနွေးခန်း)(အပိုင်း-၁)
၅:၂၅ ၇။ တေးဂီတအစီအစဉ်
၅:၄၀ ၈။ နိုင်ငံ့အဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၅:၅၀ ၉။ **"စွန့်လွှတ်စွန့်စားသူများ" (မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ) (ဒါရိုက်တာ-အောင်ကိုလတ်)**
၆:၀၀ ၁၀။ မြန်မာစာ၊ မြန်မာစကား
၆:၁၅ ၁၁။ **"ဘဝနိဂုံး ပြုံးပန်းတစ်ရာ"**
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ဝက်ပါ (အပိုင်း-၂၁)**
၇:၃၅ ၁၅။ လက်တွဲဆောင်ရွက်အောင်မြင်ကျိုင်းတုံဒေသတစ်ခွင်
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ မခွဲအတူ (အပိုင်း-၁၅)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

မိုင်းဖြတ်-မိုင်းယောင်းလမ်းပိုင်း ပြုပြင်မှုများ တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင် စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၈

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်သည် မိုင်းဖြတ်တပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် မိုင်းဖြတ်-မိုင်းယောင်းလမ်းပိုင်း အရှည် ၄၃/၃ မိုင်ရှိ လမ်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် တံတားအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

တွေ့ဆုံမှာကြား

တိုင်းမှူးသည် မွန်းလွဲပိုင်းတွင် မိုင်းယောင်းမြို့နယ် နယ်မြေခံတပ်ရင်းခန်းမ၌ မိုင်းယောင်းတပ်နယ်ရှိ အရာရှိ/စစ်သည်မိသားစုဝင်များအား တွေ့ဆုံမှာကြားသည်။

တိုင်းမှူးသည် စက်တင်ဘာ၂၆ရက် နံနက်ပိုင်းတွင် မိုင်းယောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ဗလမင်းထင်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံရာ ရှေးဦးစွာ မိုင်းယောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဇင်က မိုင်းယောင်းမြို့နယ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး မိုင်းဖြတ်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်က ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် စိုက်ပျိုး/မွေးမြူရေး လုပ်ငန်းဆိုင်ရာအခြေအနေများကိုဖြည့်စွက်တင်ပြသည်။

ယင်းနောက်တိုင်းမှူးက မိုင်းယောင်းဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးတို့အတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ရှင်းလင်းမှာကြားကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

မှာကြားဖြည့်ဆည်း

ထိုမှတစ်ဆင့် တိုင်းမှူးသည် မိုင်းယောင်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းသို့သွားရောက်၍ စာသင်ဆောင်များ၊ကွန်ပျူတာခန်း၊ သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြုခန်း၊ အိမ်တွင်းမှုခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် မိုင်းယောင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ ဆေးရုံ ရေရရှိရေး ရေပိုက်သွယ်တန်းရန်အတွက် အလှူငွေ ကျပ်နှစ်သိန်းကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန် ဒေါက်တာမြင့်ကျော်ကလက်ခံသည်။

ယင်းနောက် တိုင်းမှူးသည် မိုင်းယောင်းမြို့နယ် ဘုန်းတော်ကြီးကျောင်းသို့သွားရောက်ပြီး ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တ ဘဒ္ဒိယနှင့် သံဃာတော်ငါးပါးတို့အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မိုင်းယောင်း-မိုင်းယုလမ်းပိုင်းအရှည်၁၈မိုင်ရှိ လမ်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် တံတားအခြေအနေများ၊ လမ်းဘေးဝဲ/ယာတစ်လျှောက်ရှိ မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် တိုင်းမှူးသည် မိုင်းယုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးက မိုင်းယုမြို့နယ်အတွက် ဆန်၁၀အိတ်၊ ကြက်ဥအလုံး ၁၀၀နှင့်ခေါက်ဆွဲခြောက် နှစ်ဖာတို့ကို ထောက်ပံ့ပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

မြို့နယ်ဆေးရုံစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မိုင်းယုမြို့ရှိ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရနှင့် သံဃာတော်သုံးပါးတို့အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တိုင်းမှူးသည် စက်တင်ဘာ၂၇ရက် နံနက်ပိုင်းတွင် မိုင်းယောင်းမြို့နယ်၊ မိုင်းဟန်ကျေးရွာရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မိုင်းဖြတ်-မိုင်းယောင်းလမ်း ဖောက်လုပ်ရေးလုပ်ငန်းစခန်းသို့ ရောက်ရှိရာ ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးသောင်းဌေးက မိုင်းဖြတ်-မိုင်းယောင်းလမ်းအပိုင်း တိုးတက်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်း ပြည့်မီစွာပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရေးမှာကြားကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် မိုင်းဖြတ်-မိုင်းယောင်းလမ်းအပိုင်း မိုင်တိုင်(၁၁)အနီးရှိ လမ်းပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းများ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)၌ လေ့လာ

ရန်ကုန် စက်တင်ဘာ ၂၈

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉) နောက်ဆုံးနှစ် အပိုင်း(က)၊ အုပ်စု(ဂ)မှဗိုလ်လောင်းများသည် ဒုတိယဗိုလ်မှူးကြီးနေစိုးမောင် ဦးဆောင်လျက် ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာဘာသာရပ်ဆိုင်ရာ ပြင်ပလေ့လာရေးခရီးစဉ်အဖြစ် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)ဘက်စုံအဆောက်အအုံသို့ ယနေ့နံနက် ၉နာရီခွဲတွင် ရောက်ရှိကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာဒေါ်ခင်မြဝင်းက အသင်းဖွဲ့စည်းပုံအဆင့်ဆင့်ကိုလည်းကောင်း၊ အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက အသင်း၏လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း အသေးစိတ်ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းများ၏ မေးမြန်းမှုများကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့နောက် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းများသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)ဘက်စုံအဆောက်အအုံအတွင်းရှိ ရောဂါရှာဖွေရေးဆေးခန်းနှင့် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာန မူကြိုကျောင်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား အိန္ဒိယသံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၈

သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitraသည် ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သမဝါယမဝန်ကြီးဌာနဝန်ကြီး၏ ဧည့်ခန်းသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းနှင့်အတူ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစိန်သန်း၊ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှမိုးနှင့် ဝန်ကြီးရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၉-၂၀၀၅
(ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၁၀	အခြေခံဘော်လီဘောကစားနည်းစနစ်များ(အပိုင်း-၁)
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	သီးနှံဖျက်ပိုးများကို ထိရောက်စွာ ကာကွယ်နှိမ်နင်းနည်းများ (အပိုင်း-၁)
၈း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	ဒေသဝမ်းစာဖူလုံဖို့ဆင်းရွှေလီ စပါးစိုက်ကြစို့ (အပိုင်း-၂)
၈း၅၀	ပြည်တွင်းသတင်းအကျဉ်း
၈း၅၅	တေးဂီတအစီအစဉ်
၉း၀၀	မိုးလေဝသခန့်မှန်းချက်
၉း၀၅	နိုင်ငံတကာပိုက်ကျော်ခြင်းပြိုင်ပွဲ
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	အသည်းရောင်အသားဝါ(B) ရောဂါအကြောင်း ဟောပြောချက်(အပိုင်း-၁) (ပါမောက္ခ ဦးခင်မောင်ဝင်း)
၉း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅	ကျော်ကြားထင်ရှားအနုပညာပုလဲပန်းများ(အပိုင်း-၄) (စန္ဒရားချစ်ဆွေ)
၁၀း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၀	အမှတ်-၂သတ္တုတွင်းလုပ်ငန်း
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး စီမံကိန်းအကြောင်းသိကောင်းစရာ
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည (၂၃း၀၀) နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League
ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်

၁၀း၀၀	Goals
လိုင်း	5-Cartoons(Delay)
၁၀း၃၀	Newcastle United-Manchester United
လိုင်း	5-Cartoons(Delay)

ဆုချီးမြှင့်

သန်လျင်အထက(၂) မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၂၄ရက်က ရတနာခန်းမ၌ကျင်းပရာ ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရရှိသူ မခင်မေဇင်အား ကျောင်းအုပ်ဆရာကြီး ဦးအာရ်မြလွင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၅၂၇)



တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သူရအေးမြင့် "စစ်မှန်သောမျိုးချစ်စိတ်ဓာတ်" မြေစိုက်ဆိုင်းဘုတ်ဖွင့်ပွဲများသို့ တက်ရောက်အားပေး

ရန်ကုန် စက်တင်ဘာ ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက် မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ် အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့သည် စက်တင်ဘာ ၂၅ရက်နံနက်၁၀နာရီတွင် မုံရွာမြို့ရှိ စစ်ကိုင်းတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ရုံးရှေ့၌ကျင်းပသည့် "စစ်မှန်သော မျိုးချစ်စိတ်ဓာတ်" မြေစိုက်ဆိုင်းဘုတ်ဖွင့်ပွဲသို့ တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားသို့ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အသင်းများမှ အမှုဆောင်များ၊ အသင်းဝင်များ၊ ထူးချွန်ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့ဝင်များ တက်ရောက်ကြပြီး ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ၌ ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသာ မုံရွာမြို့ အထက (၃)မှ မောင်သက်ဝေလင်းက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ငါးဘာသာဂုဏ်ထူး ရှင်မဝေစိုးဇင်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် တိုင်း အသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား အသင်းကိစ္စရပ်များ တွေ့ဆုံမှာကြားပြီး တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖွင့်လှစ်

အလားတူ "စစ်မှန်သော မျိုးချစ်စိတ်ဓာတ်" ဆိုင်းဘုတ်ဖွင့်ပွဲကို မွန်းလွဲ ၁နာရီတွင် မုံရွာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးရှေ့၌ ဖွင့်လှစ်ရာ အခမ်းအနားသို့ ဗဟိုနာယကအဖွဲ့ဝင် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဗဟိုအလုပ် အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အသင်း အမှုဆောင်များ၊ အသင်းဝင်များ၊ ထူးချွန်ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့ဝင်များတက်ရောက်ကြပြီး ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ငါးဘာသာ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော မုံရွာမြို့ အထက (၃)မှ မောင်ကောင်းမြတ်နှင့် မဝေစိုးဇင်တို့က ဖဲကြိုးဖြတ်၍လည်းကောင်း၊ ခြောက်ဘာသာဂုဏ်ထူးရှင် မုံရွာမြို့ အထက(၃)မှ မောင်ဖြိုးကျော်က စက်ခလုတ်နှိပ်၍လည်းကောင်း ဖွင့်လှစ်ပေးသည်။ (သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

၁။ သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဖြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးဒိုင်း)ပစ်ဖောက်ခြင်းဖြင့် ပြည်သူများအထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးဒိုင်း)တို့ ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ ယင်းသို့တားမြစ်ထားသော်လည်း ယမန်နှစ် ၂၀၀၄ ခုနှစ်၊ သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဖြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးဒိုင်း)များအား-

(က) ထုတ်လုပ်ရောင်းချသဖြင့် အရေးယူမှု ၂၀၇ မှုတွင် တရားခံ ၂၁၀အား အနည်းဆုံး ထောင်ဒဏ်နှစ်နှစ်မှ အများဆုံးထောင်ဒဏ်သုံးနှစ်အထိ ချမှတ်အရေးယူခဲ့သည်။

(ခ) ဖောက်ခြင်း၊ ပစ်လွှတ်ခြင်းများ ပြုလုပ်သဖြင့် အရေးယူမှု ၁၀၇မှုတွင် တရားခံ ၁၆၀အား အနည်းဆုံး ထောင်ဒဏ်တစ်နှစ်မှ အများဆုံးထောင်ဒဏ်နှစ်နှစ်အထိ ချမှတ်အရေးယူခဲ့သည်။

၃။ သို့ဖြစ်ပါ၍ ယခုနှစ် ၂၀၀၅ ခုနှစ်၊ သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဖြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးဒိုင်း)များအား ထုတ်လုပ်ရောင်းချခြင်း၊ ပစ်ဖောက်ခြင်းများ ပြုလုပ်ပါက ယခင်နှစ်များနည်းတူ အောက်ပါအတိုင်း အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်-

(က) ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းများပြုလုပ်ပါက တည်ဆဲဥပဒေအရ အများဆုံး ထောင်ဒဏ်အထိ ချမှတ်မည်ဖြစ်ပါသည်။

(ခ) ပစ်လွှတ်သည့်နေရာ အနီး၊ အဝေး၊ အနိမ့်နှင့် အမြင့်တို့တွင် ပေါက်ကွဲစေတတ်သော ဖြောက်အိုး၊ မီးရှူးနှင့်ဒုံးများ(ရှူးဒိုင်း)ဖောက်လျှင် တည်ဆဲဥပဒေအရ အများဆုံး ထောင်ဒဏ်အထိ ချမှတ်မည်ဖြစ်ပါသည်။

(ဂ) သတင်းပေးသူကို ထိုက်တန်စွာ ဆုပေးမည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ



ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်အား ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Khair-uzzaman ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက် တွေ့ဆုံစဉ်။

(သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၂၈

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. M. Khairuzzaman **သည် ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက် တွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ယဉ်ကျေးမှု ဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းဆွေ၊ ရှေးဟောင်းသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေထွန်း၊ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုး၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်နန္ဒာမွန်းနှင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေးကဏ္ဍ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါး တားဆီး ကာကွယ်ရေး သင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၂၈

အမှတ်(၂) အခြေခံပညာ ဦးစီးဌာန (ရုံးချုပ်) ကျောင်းသား လူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး လုပ်ငန်းအဖွဲ့က ကြီးမှူးကျင်းပသည့် အခြေခံပညာ ဆရာ၊ ဆရာမများ မူးယစ်ဆေးဝါးအန္တရာယ် တားဆီး ကာကွယ်ရေး သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၄ ရက်တွင် မန္တလေးမြို့ အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်း သေီဒါခန်းမ၌ ကျင်းပရာ အမှတ် (၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းခိုင်က အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ ပြည်နယ်နှင့် တိုင်းများမှ သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမ ၁၃၄ဦး တက်ရောက်ကြသည်။ (သတင်းစဉ်)

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ် (၃) စက်မှုဇုန် သန့်ရှင်းသာယာလှပစေရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး အတွက် ဇုန်အတွင်းရှိ ရေမြောင်းများမှ ရွှံ့ညွှန်များ၊ သဲများ၊ အမှိုက်များကို ဇုန်ပိုင် မော်တော်ယာဉ်များဖြင့် ရှင်းလင်းစဉ်။ (က-ပ)

အောင်ဆန်းမိုးကုတ်ရိပ်သာတရားစခန်း

ရန်ကုန် စက်တင်ဘာ ၂၈

အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်းတိုက် မိုးကုတ် ဝိပဿနာအဖွဲ့ခွဲ (၇၇)တွင် (၁၀၄)ကြိမ်မြောက် တရားစခန်းပွဲကို စက်တင်ဘာ ၂၀ ရက်မှ အောက်တိုဘာ ၄ ရက်အထိကျင်းပရာ နိုင်ငံတော် ဩဝါဒါစရိယအဂ္ဂမဟာပဏ္ဍိတ ရွှာမပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တနန္ဒဝံသက ဩဝါဒကထာမြွက်ကြား ဖွင့်လှစ်ပေးပြီး ပြည်တွင်းပြည်ပ သာသနာပြု မဟာကမ္မဋ္ဌာနာစရိယ အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ (မိုးကုတ် ဝိပဿနာ အဖွဲ့ချုပ်၏ နာယကအဖွဲ့ဝင်)က ကျေးဇူးတော်ရှင် မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါးတရားတော်များကို ယောဂီ ၇၂၂ ဦးတို့အား ဟောကြားပြသတော်မူကြောင်း သိရသည်။ (က-ပ)

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအသင်း (မြန်မာပြည်)က မြိုင်ကြီးငူ အထကသို့ ပစ္စည်းများလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၈

နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း (မြန်မာပြည်)က ကရင် ပြည်နယ် လှိုင်းဘွဲမြို့နယ် မြိုင်ကြီးငူအခြေခံပညာအထက်တန်းကျောင်းသို့ ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၂၅ရက်တွင် အဆိုပါကျောင်း၌ ကျင်းပရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူးနှင့် အဖွဲ့ဝင်များ၊ ဘားအံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကိုကိုကြီးနှင့် အဖွဲ့ဝင်များ၊ နယ်စပ် ဒေသဖွံ့ဖြိုးရေးအသင်း (မြန်မာပြည်)ဥက္ကဋ္ဌ ဦးမောင်မောင်စိုးတင့်နှင့်အဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျေးရွာ ပြည်သူလူထုများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း (မြန်မာပြည်) ဥက္ကဋ္ဌ ဦးမောင်မောင်စိုးတင့်က ဆောင်ရွက်နေသည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်များ၊ ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်နှင့် ခဲတံများ၊ အဝတ်အထည်များနှင့် မုန့်များကို တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးကျော်လှိုင်က ကျေးရွာ တောင်သူလယ်သမား ၈၀၀ တို့အတွက် မျိုးစေ့များနှင့် ပျိုးပင်များပေးအပ်လှူဒါန်းပြီး မြိုင်ကြီးငူဒေသမှ ဦးစောသာထူးကျော်က ကျေးဇူးတင်စကားပြောကြားသည်။

ဆေးဝါးကုသ

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအသင်း (မြန်မာပြည်)မှ အဖွဲ့ဝင်များသည် စက်တင်ဘာ ၂၄ရက်မှ ၂၆ရက်အထိ ကရင်ပြည်နယ်သို့ ရောက်ရှိပြီး ပတ်ဝန်းကျင်ကျေးရွာရှိ ဝေဒနာရှင်ရွာသူ၊ ရွာသားများ လိုက်ပါလာသည့် အငြိမ်းစား ဆရာဝန်ကြီးများက သွားဘက်ဆိုင်ရာ၊ သားဖွားနှင့်မီးယပ်ဆိုင်ရာ အထွေထွေရောဂါများ၊ မျက်စိရောဂါနှင့် ကလေးဝေဒနာရှင်များအား ဆေးကုသပေးခြင်းအပြင် မျက်ကြည်လွှာနှင့် မျက်မှန်များ အခမဲ့တပ်ဆင်ဝေငှခြင်းနှင့် လိုအပ်သည့်ရောဂါများကို အာထရာဆောင်းရိုက်ကူး၍ လိုအပ်ပါက ခွဲစိတ် ကုသပေးခြင်းဖြင့် ဝေဒနာရှင် ၂၈၀၀ တို့အား ဆေးဝါးများကုသပေးကြသည်။

(သတင်းစဉ်)

ပုသိမ်မြို့တွင်း လမ်းများပြုပြင်မှု တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် စစ်ဆေး ပရဟိတဂေဟာသို့ အလှူငွေနှင့် ပစ္စည်းများပေးအပ်ပွဲ တက်ရောက်အားပေး

ရန်ကုန် စက်တင်ဘာ ၂၈

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက ပုသိမ်မြို့ဝင် အဝိုင်းလမ်းဆုံမှ မြို့တွင်းလမ်းတစ်လျှောက် လမ်းဘေး ဝဲ၊ ယာ သန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် မြို့ဝင် စံပြရာသီ သီးနှံစိုက်ခင်းများအခြေအနေကိုလည်းကောင်း၊ စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်နေသော မြို့တွင်းလမ်းပြုပြင်နေမှုအခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားညွှန်ကြားဆောင်ရွက်ပေးသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် တိုင်းမှူးသည် ပုသိမ်မြို့ အနော်ရထာလမ်းရှိ ကန်သုံးဆင့် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၌ ဌာနဆိုင်ရာများ စုပေါင်း၍ ပရဟိတဂေဟာအတွက် အလှူငွေနှင့် ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးရာ ရှေးဦးစွာ တိုင်းမှူးနှင့် ဇနီးတို့က ပရဟိတကျောင်းတိုက် ဓမ္မာရုံတွင် ပရဟိတဂေဟာအကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တကုဏ္ဍလအား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့ ပရဟိတဂေဟာရှိ လူငယ်လေးများ စောင့်ရှောက်မှုလုပ်ငန်းတွင် အသုံးပြုရန် အဝတ်အထည်မျိုးစုံနှင့်အလှူငွေများ၊ ဗလာစာအုပ်နှင့် ခဲတံ ကိုးဒါဇင်တို့ကို ပေးအပ်လှူဒါန်းသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဇနီးတို့သည် ပရဟိတဂေဟာရှိ လူငယ်များအား နံနက်စာလှူဒါန်း ကျွေးမွေးပြီး ဆက်လက်၍ ပုသိမ်မြို့ ဘိုးဘွားရိပ်သာသို့ သွားရောက်၍ အဘွားဆောင် တိုးချဲ့ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းတာဝန်ခံက လိုက်လံရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

မြို့တွင်းလမ်းချဲ့ပြုပြင်မှု ကြည့်ရှုစစ်ဆေး

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်နေသော မြို့တွင်းလမ်းချဲ့ပြုပြင်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ပေါင်းလောင်းနှင့် ရဲနွယ်ရေလှောင်တမံစီမံကိန်းများကြည့်ရှုစစ်ဆေး လုပ်ငန်းများ အချိန်မီဆောင်ရွက်ပြီးစီးရေး မှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေး

ရန်ကုန် စက်တင်ဘာ ၂၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၂၄ရက် ညနေပိုင်းတွင် မန္တလေးတိုင်း ရမည်းသင်းမြို့အနီးရှိ ကျေးနီကန်သို့ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာန မြို့နယ်တာဝန်ခံက ကန်ရေဝင်မှု၊ စိုက်ပျိုးရေပေးဝေမှုတို့ကို ရှင်းလင်းတင်ပြပြီး ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ကြည်ရှိန်က ရေဝပ်ဧရိယာနှင့် ရေသောက်ဧရိယာတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများအား ကျေးနီကန်ပေါင်ကြံ့ခိုင်မှုရှိရေးမှာကြားပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများကို ညွှန်ကြားချမှတ်ပေးကာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

တွေ့ဆုံမှာကြား

ထို့နောက် ဝန်ကြီးသည် မြို့နယ်နှင့် ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် ဆောင်ရွက်မှုများတွင် ပြည်သူနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် ကျေးရွာဆည်ငယ်၊ ကန်ငယ်များ ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်ကြရန် မှာကြားပြီး ကျေးနီကန်ရေဝင်မှုနှင့် ကန်ပေါင်များကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းရေလှောင်တမံဘက်စုံ စီမံကိန်းသို့ ရောက်ရှိပြီး ရေသိုလှောင်ရရှိမှု၊ ရေစီးဝင်မှုနှင့်ရေပိုလွှဲတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာ ၂၅ရက်တွင် ပဲခူးတိုင်း ဖြူးမြို့နယ် ရေသျှုံကြီးကျေးရွာအနီးရှိ မြန်မာ့ကြံလုပ်ငန်းစိုက်ခင်း၌ ဖြူးမြို့နယ်စိုက်ပျိုးရေးလုပ်ငန်းညွှန်ကြားမှု ကော်မတီနှင့် တွေ့ဆုံ၍ သီးနှံစိုက်ပျိုး ထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကိစ္စရပ်များကို ဆွေးနွေးရာ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းညွှန်ကြားမှု ကော်မတီဝင်များက ပန်းတိုင် အထွက်နှုန်းရရှိရန် စပါး၊ ကြံ အပါအဝင် သီးနှံစိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက ရေတော်မိုးတော်စိုက်ဧကများ တစ်ဧကစပါးတင်းတစ်ရာ ထွက်ရှိရေး၊ ဌာနကြံစိုက်ခင်းများ၌ ကြံခင်းသစ်များစိုက်ပျိုးရေး၊ မြေယာစာရင်းဇယားများ တိကျမှန်ကန်ရေး၊ စိုက်ပျိုးရေးညွှန်ကြားမှု ကော်မတီဝင်များသည် စုစည်းညီညွတ်စွာ ဌာနတစ်ခုစီ စုပေါင်းထားပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ကျောက်တံခါးမြို့နယ်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၁)က ဆောင်ရွက်နေသည့် ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်းသို့ရောက်ရှိပြီး တည်ဆောက်နေသည့် ပင်မတမံ ရေပိုလွှဲ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်က ရေလှောင်တမံ၏ ပင်မတမံတွင် ကျန်ရှိသည့် မြေဖို့လုပ်ငန်းနှင့် ရေပိုလွှဲပြီးစီးမှုတို့ကိုလည်းကောင်း၊ တမံအတွင်း ရေသိုလှောင်နိုင်သည့်ပမာဏ၊ရေဝင်ရရှိမှုတို့ကိုလည်းကောင်း မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လုပ်ငန်းများ အချိန်မီ ဆောင်ရွက်ပြီးစီးရေး မှာကြားကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် ရှုရပ်အမြင့်ပိုင်းမှ ပင်မတမံနှင့် တမံအတွင်း ရေဝင်မှု အခြေအနေနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တည်ဆောက်နေသည့် ဓာတ်အားပေးစက်ရုံတို့ကို ကြည့်ရှုသည်။

ရဲနွယ် ရေလှောင်တမံသည် တမံအလျားပေ ၁၈၅၀၊ တမံအမြင့် ၂၅၁ ပေ ရှိသည်။ (သတင်းစဉ်)

ကြည့်ရှု

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ပဲခူးတိုင်း ကျောက်တံခါး မြို့နယ်တွင် ဆည်မြောင်းဦးစီးဌာနက တည်ဆောက်လျက်ရှိသည့် ရဲနွယ်ရေလှောင်တမံ၏ ပင်မတမံနှင့် ရေသိုလှောင်ရရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်ယာ/ဆည်မြောင်း)

နယ်စပ်စည်ပင်အထူးအရာရှိ ဗိုလ်မှူးချုပ်ကျော်သူ မြို့ပြနှင့် ကျေးလက်လမ်း၊ တံတားများစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ်ကျော်သူသည် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁၂ရက်မှ ၂၂ရက်အထိ ရွှေဘိုခရိုင်အတွင်းရှိ ဝက်လက်၊ ရွှေဘို၊ တန့်ဆည်၊ ရေဦး၊ ဒီပဲယင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့များ၊ မုံရွာခရိုင်အတွင်းရှိ မုံရွာ၊ ဘုတလင်၊ ကနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့များ၊ ကလေးခရိုင်အတွင်းရှိ ကလေး၊ ကလေးဝ၊ မင်းကင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့များ၊ တမူးခရိုင်အတွင်းရှိ တမူး၊ ခမ်းပတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့များနှင့် စစ်ကိုင်းခရိုင်အတွင်းရှိ စစ်ကိုင်း၊ မြောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့များ၏ ၂၀၀၅-၂၀၀၆ဘဏ္ဍာရေးနှစ်ဝင်ငွေ၊သုံးငွေအခြေအနေ၊ မြို့ပြနှင့် ကျေးလက်လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများဆောင်ရွက်မှု၊ မြို့သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှု၊ အဖွဲ့ပိုင်ယာဉ် စက်ယန္တရားများအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။

ထို့နောက် အထူးအရာရှိနှင့်အဖွဲ့သည် ပန်းခြံနှင့် ပျိုးဥယျာဉ်များတွင် ပျိုးပင်များ ပြုစုပျိုးထောင်မှု၊ ဈေးများသန့်ရှင်းရေး၊ မြို့အင်္ဂါရပ်နှင့်အညီ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ မြို့တွင်း ရေပေးဝေမှုနှင့် မြို့နယ်အတွင်းရှိ ကျေးရွာများ သန့်ရှင်းသော သောက်သုံးရေရရှိ ရေးဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။ **(ဝဲပုံ)** (သတင်းစဉ်)

စက်တင်ဘာ ၂၈ရက်က မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ၂၀၀၅ခုနှစ် (၃၇)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း အလေးမပြိုင်ပွဲတွင် ဗိုလ်စွဲသည့် ရန်ကုန်တိုင်း အမျိုးသား၊ အမျိုးသမီးအသင်းအား တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်စဉ်။ (ကြေးမုံ)

အောင်ပွဲရ မြန်မာလူငယ်အားကစားအဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၈

၂၀၀၅ခုနှစ် စက်တင်ဘာ ၁၉ရက်မှ ၂၄ရက်အထိ ထိုင်းနိုင်ငံ ချင်းရိုင်ပြည်နယ်၌ ကျင်းပခဲ့သော အသက်(၂၀)အောက် မဲခေါင်ဒေသနိုင်ငံများ ချစ်ကြည်ရေးအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမောင်ဝင်း ခေါင်းဆောင်သော အောင်ပွဲရ မြန်မာလူငယ်အားကစားအဖွဲ့သည် ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

အဆိုပါ အောင်ပွဲရ မြန်မာလူငယ် အားကစားအဖွဲ့အား အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသား၊ သင်တန်းသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အောင်ပွဲရ မြန်မာလူငယ် အားကစားအဖွဲ့မှ လူငယ်မောင်မယ်များသည် ပြေးခုန်ပစ်၊ ကယက် လှေလှော်ပြိုင်ပွဲနှင့် ရိုးရာအားကစားပြိုင်ပွဲများ၌ ရွှေတံဆိပ် ကိုးခု၊ ငွေတံဆိပ် ငါးခု၊ ကြေးတံဆိပ် ငါးခု စုစုပေါင်း ဆုတံဆိပ် ၁၉ခုတို့ကို ဆွတ်ခူးရရှိခဲ့ကြသည်။

အောင်ပွဲရ မြန်မာလူငယ် အားကစားအဖွဲ့သည် ပြေးခုန်ပစ်ပြိုင်ပွဲ၌ ကျော်ဆန်းလင်းက အမျိုးသားမီတာ ၅၀နှင့် မီတာ ၈၀ပြိုင်ပွဲများတွင် ရွှေတံဆိပ်နှစ်ခုနှင့် မီတာ ၁၀၀ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု၊ ဂျူးဂျူးမက အမျိုးသမီး မီတာ ၅၀နှင့် မီတာ ၈၀ ပြိုင်ပွဲများတွင် ရွှေတံဆိပ်နှစ်ခုနှင့် မီတာ ၁၀၀ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု၊ လဲ့ရည်ထိုက်က အမျိုးသမီး မီတာ ၅၀ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုနှင့် မီတာ ၈၀နှင့် မီတာ ၁၀၀၀ပြိုင်ပွဲများတွင် ကြေးတံဆိပ်နှစ်ခု၊ ကျော်စိုးဝင်းက အမျိုးသားမီတာ ၅၀ပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခုရရှိခဲ့၍ ပြေးခုန်ပစ်အဖွဲ့က စုစုပေါင်း ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်သုံးခုရရှိခဲ့သည်။

လှေလှော်ပြိုင်ပွဲ၌ မျိုးဇော်က အမျိုးသား မီတာ ၁၀၀ ကယက် တစ်ယောက်လှေပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုနှင့် ရန်ပိုင်က ငွေတံဆိပ်တစ်ခုတို့ကို လည်းကောင်း၊ ရန်ပိုင်က အမျိုးသား မီတာ ၂၀၀ ကယက် တစ်ယောက်လှေပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုနှင့် မျိုးဇော်က ငွေတံဆိပ်တစ်ခုတို့ကို လည်းကောင်း၊ မျိုးဇော်နှင့် အောင်လွင်စိုးတို့က အမျိုးသားမီတာ ၃၀၀၀ ကယက် နှစ်ယောက်လှေပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုနှင့် အမျိုးသားမီတာ ၅၀၀၀ ကယက်နှစ်ယောက်လှေပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုတို့ကို ရရှိခဲ့၍ ကယက်လှေလှော်ပြိုင်ပွဲများတွင် စုစုပေါင်း ရွှေတံဆိပ်လေးခုနှင့် ငွေတံဆိပ်နှစ်ခုတို့ကိုရရှိခဲ့သည်။

ရိုးရာ အားကစားပြိုင်ပွဲများ၌ ရွှေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်နှစ်ခုတို့ ရရှိခဲ့ပြီး အောင်ပွဲရ မြန်မာအားကစားအဖွဲ့က စုစုပေါင်း ရွှေတံဆိပ်ကိုးခု၊ ငွေတံဆိပ်ငါးခုနှင့် ကြေးတံဆိပ်ငါးခုတို့ကို ရရှိခဲ့သည်။ (သတင်းစဉ်)

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

ရန်ကုန် စက်တင်ဘာ ၂၈

လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်း၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းတွင် နေရာကွက်၍မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင်တိမ်အသင့်အတင့်မှ ထိမ်ထူထပ်နေသည်။

ထူးခြားသည့်အခြေအနေမှာ ထိုင်းနိုင်ငံပေါ်မှ အနောက်ဘက်သို့ ရွေ့လျားလျက်ရှိသော“ဒမ်ရေး”အမည်ရှိ အပူပိုင်းမုန်တိုင်းငယ်သည် လေဖိအားနည်းရပ်ဝန်းအဖြစ် အားပျော့ကာ ယနေ့နံနက် မြန်မာစံတော်ချိန် ဝ၆း၃၀နာရီအချိန်တွင် မြန်မာနိုင်ငံ မြေလတ်ပိုင်းကို ဖြတ်ကျော်လျက်ရှိသည်။

စက်တင်ဘာ ၂၉ရက် ညနေထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

ရွှေပုစွန်မိသားစုလှူဒါန်းမှု ရေစက်ချမင်္ဂလာကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၈

ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာတွင် ဗုဒ္ဓသာသနနုဂ္ဂဟအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးပွင့်ကောင်းအား ရည်စူး၍ အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီနှင့် ဗုဒ္ဓသာသနနုဂ္ဂဟအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဦးတင်စိုးလင်း၊ ဒေါ်ပွင့်မာခိုင် ရွှေပုစွန်မိသားစုများက ၂၀-၅-၂၀၀၅မှ ၂၅-၉-၂၀၀၅ အထိ လှူဒါန်းမှုအစုစုကျပ် ၅၂၁၉၅၈၄၀ အတွက် ရေစက်ချအလှူတော် အခမ်းအနားကို စက်တင်ဘာ ၂၅ရက် နံနက် ၉နာရီက မဟာစည် စံကျောင်းတော်၌ ကျင်းပသည်။

အခမ်းအနားတွင် မဟာစည်နာယက ဆရာတော် ဘဒ္ဒန္တဇဋိလ (သာသနဓဇ သိရီပဝရဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)က ရှစ်ပါးသီလ ချီးမြှင့်ပြီး သံဃာတော်များအား အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။ (က-ပ)

ရန်ကုန်မြို့ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း ၁၀မိုင် လေဆိပ်လမ်းသွယ်နေ ကွယ်လွန်သူ အငြိမ်းစား တိုင်းပညာဝန် ဦးကံအားရည်စူး၍ ဇနီး ဒေါ်ခင်ကြည်နှင့် သားသမီးမြေးတစ်စုတို့က ဒဂုံမြို့နယ်၊ အမှတ်(၁၂) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး တိပိဋကကျောင်းတော်၏တိုးချဲ့ ခြောက်ထပ်ကျောင်းတော် ဆောက်လုပ်ရန်အတွက် အလှူတော်ငွေကျပ် ငါးသိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ အနုမောဒနာနာယူပြီး ရေစက်ချ၍ တိ-နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်နယ်နှင့် တိုင်း လူငယ်ဘောလုံးပြိုင်ပွဲ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဗိုလ်လုပွဲသို့တက်ရောက်

ရန်ကုန် စက်တင်ဘာ ၂၈

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော ၂၀၀၅ခုနှစ် (၁၀)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း အသက်(၁၇)နှစ်အောက် လူငယ် အမျိုးသားဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မန္တလေးတိုင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)က ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဘောလုံးသမားဆုကို ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ မောင်ချစ်လွင်က ရရှိသွားသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ အလုံမြို့နယ် သီရိမင်္ဂလာဥယျာဉ်အိမ်ရာနေ ဗိုလ်မှူးကျော်ဝင်း(ငြိမ်း) - ဒေါ်ခင်အေးကြူ မိသားစုက အလှူငွေကျပ် တစ်သိန်းကို ဖြဟ္မဝိဟာရ ပရိယတ္တိ စာသင်တိုက် သုဒဿန လမ်း(၁၆/၂) ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ လက်ခံရယူစဉ်။ (က-ပ)

“ပျော်လိုက်ရအောင်” ဟာသဇာတ်ကားသစ် လာမည့်သောကြာနေ့ ရုံသုံးရုံ၌ ဝင်မည်

ရန်ကုန် စက်တင်ဘာ ၂၈

ယခုလာမည့် သောကြာပတ်တွင် မြန်မာရုပ်ရှင်ဇာတ်ကားသစ် တစ်ကားဖြစ်သည့် **“ပျော်လိုက်ရအောင်”** တစ်ကားတည်းသာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ရုံတင်ပြသမည်ဖြစ်သည်။

ပျော်လိုက်ရအောင်

ရွှေတောင် ရုပ်ရှင်ထုတ်လုပ်ရေးမှ ပုဏ္ဏာမီ၏ဝတ္ထုကို ကိုအောင်မင်းသိမ်းနှင့် အောင်ကြီးတို့ ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာကိုဇော်(အရဏ်ဦး) ရိုက်ကူးထားသည့်**“ပျော်လိုက်ရအောင်”** မြန်မာဇာတ်ကားသစ်မှာ ဟာသဇာတ်ကားကောင်း ကြည့်လိုသူများအတွက် အကြိုက်တွေ့မည့် ဇာတ်ကားကောင်းတစ်ကားဖြစ်သည်။ အဆိုပါဇာတ်ကားတွင် ဟာသသရုပ်ဆောင်များ အင်ပြည့်၊ အားပြည့်ပါဝင် သရုပ်ဆောင်ရိုက်ကူးထားကြပြီး အကယ်ဒမီ လွင်မိုး၊ အကယ်ဒမီ စိုးမြတ်နန္ဒာနှင့် ခိုင်သင်းကြည်တို့ ခေါင်းဆောင်ပါဝင်ထားကြသည်။

လာမည့်သောကြာနေ့တွင် ရုံဝင်လာမည့် “ပျော်လိုက်ရအောင်” မြန်မာဇာတ်ကားသစ်မှ လွင်မိုး၊ ခိုင်သင်းကြည်နှင့် ညောင်ညောင်တို့၏ သရုပ်ဆောင်ဟန်။

ချစ်သောအရိမဒ္ဒနပူရ

ပရိသတ်၏ အားပေးမှုဆက်လက်ရရှိဆဲဖြစ်သည့် ဒါရိုက်တာကြည်ဖြူသျှင် ရိုက်ကူးသည့်**“ချစ်သောအရိမဒ္ဒနပူရ၏မဟာအောင်ပွဲ”**ဇာတ်ကားမှာ ရှေ့ဆောင်ရုံတွင် ဆက်လက်ပြသလျက်ရှိသည်။

ရှေ့ဆောင်အဆင့်မြင့်ရုပ်ရှင်ရုံတွင် ပြသနေသည့် “ချစ်သောအရိမဒ္ဒနပူရ၏ မဟာအောင်ပွဲ” ဇာတ်ကားမှ နေအောင်နှင့် ခင်သီတာထွန်း။

နိုင်ငံခြားရုပ်ရှင်

ပြသဆဲ နိုင်ငံခြားရုပ်ရှင်ဖြစ်သည့် Mr. and Mrs. Smith ဇာတ်ကားမှာ နေပြည်တော်ရုံတွင် ဆက်လက်ပြသနေသည်။ နာမည်ကြီး မင်းသားမင်းသမီးများဖြစ်ကြသည့် ဘရက်ပစ်နှင့် အင်ဂျလီနာဂျိုလီတို့ ခေါင်းဆောင်ပါဝင်ထားကြပြီး အက်ရှင်ဇာတ်ကားကောင်းတစ်ကား ဖြစ်သည်။

ရွှေဂုံရုံ

ရွှေဂုံအဆင့်မြင့်ရုပ်ရှင်ရုံအပေါ်ထပ်တွင် အိန္ဒိယရုပ်ရှင်ဇာတ်ကားဖြစ်သည့် Jung ဇာတ်ကားပြသနေပြီး မြေညီထပ်တွင်မူ မြန်မာရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်သည့် **“ရင်ဝှက်ပန်း”** ဇာတ်ကားပြသနေသည်။

အိန္ဒိယကား

ထို့အတူ မြို့မ တန်းမြင့်ရုပ်ရှင်ရုံတွင် ဂျက်ကီရှရွတ်၊ ဆန်နီဒီရှက်တီ၊ ခရစ်ရှ်မာခါပူးရ်နှင့် ဒီနိုမိုရေးတို့ ပါဝင်သည့် အကယ်ဒမီဆုရ အိန္ဒိယဇာတ်ကား “Baaz”ဇာတ်ကားပြသနေသည်။ (ကြေးမုံ)

ကြည့်ရှုစစ်ဆေး

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် မြန်မာ့ စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မန္တလေးစက်မှုဇုန် က ထုတ်လုပ်သွားမည့် စက်အပိုပစ္စည်းများကို ကြည့်ရှုစစ်ဆေး စဉ်။

(စက်မှု-၁)

တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီးဦးအောင်သောင်း မန္တလေးစက်မှုဇုန်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၈

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ မန္တလေးတိုင်း စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် မန္တလေးစက်မှုဇုန်ကြီးကြပ်ရေးအဖွဲ့ဝင်များသည် စက်တင်ဘာ ၂၆ရက် နံနက် ၇ နာရီတွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်ရှိ Foundry Shop သို့ ရောက်ရှိသည်။

မှာကြား

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် သဲပုံလောင်းခြင်းလုပ်ငန်းများ၊ သံရည်ကျိုလုပ်ငန်း၊ ကုန်ကြမ်းသိုလှောင်ရုံတည်ဆောက်ရေးအခြေအနေများကို ကြည့်ရှုပြီး လိုအပ်ချက်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဆက်လက်ထုတ်လုပ်သွားမည့် စက်အပိုပစ္စည်းများ၊ အမှာစာ ရရှိထားသော စက်အရန်ပစ္စည်း အမျိုးပေါင်း ၃၉ မျိုး စုစုပေါင်း ၁၂၄၈ မျိုး စမ်းသပ်ထုတ်လုပ်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထုတ်လုပ်

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် Machine Shop သို့ရောက်ရှိပြီး စက်များ တပ်ဆင်ပြီးစီးမှုနှင့် လက်တွေ့ဆောင်ရွက်မှုများကို လည်းကောင်း၊ CNC ခန်းရှိ ထော်လာဂျီစက်တွင် အသုံးပြုသော ကျူပင်ရုပ် စက်အပိုပစ္စည်း ထုတ်လုပ်မှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ အစုရှယ်ယာများ တိုးတက်ထည့်ဝင်၍ စက်မှုလုပ်ငန်းများ အောင်မြင်ရေးအတွက် ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။ (သတင်းစဉ်)

စမ်းချောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၅) ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၈

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၅)ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ အဆိုပါ အသင်းရုံး၌ ကျင်းပရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်မြေတာဝန်ခံ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးသို့ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တအတွင်းရေးမှူး ဦးသာဝင်းနှင့် အလုပ်အမှုဆောင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးနေဝင်းနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလင်းနှင့် အဖွဲ့ဝင်များ၊ စမ်းချောင်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဌေးအောင်နှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးများနှင့် အမှုဆောင်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✧

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် သိန်းဆွေ စမ်းချောင်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၅)တွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

လေဖိအားနည်း ရပ်ဝန်းကြောင့် မိုးကြီးနိုင်

ရန်ကုန် စက်တင်ဘာ ၂၈

ထိုင်းနိုင်ငံပေါ်မှ အနောက်ဘက်သို့ ရွေ့လျားလျက်ရှိသော **"ဒမ်ရေး"**အမည်ရှိ အပူပိုင်းမုန်တိုင်းငယ်သည် လေဖိအားနည်းရပ်ဝန်းအဖြစ် အားပျော့ကာ ယနေ့နံနက် ၆နာရီခွဲတွင် မြန်မာနိုင်ငံမြေလတ်ပိုင်းကို ဖြတ်ကျော်လျက်ရှိသည်။ ယင်းလေဖိအားနည်းရပ်ဝန်းသည် ဆက်လက်ရွေ့လျားပြီး နောက် ၂၄နာရီအတွင်း ဘင်္ဂလားပင်လယ်သို့ ရောက်ရှိမည်ဟု ခန့်မှန်းသည်။

လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့ နံနက်မှ နောက် ၃၆နာရီအတွင်း မြန်မာနိုင်ငံအရှေ့ပိုင်း၊ အလယ်ပိုင်းနှင့် အောက်ပိုင်းဒေသအချို့နေရာများ၌ မိုးသက်လေပြင်းများကျရောက်ပြီး နေရာကွက်၍မိုးကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။(သတင်းစဉ်)